မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ရက်၊ ၂၀၁၀ခုနှစ်၊ ဇူလိုင် ၅ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တနိုင်းမြို့နယ် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး သာအေး

တနိုင်းမြို့ မိုးစပါးထွန်ယက်စိုက်ပျိုးပွဲတက်ရောက် ဒေသ၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများ ညှိနှိုင်းဖြည့်ဆည်းပေး

နေပြည်တော် ဇူလိုင် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁ရက်တွင် တနိုင်းမြို့နယ် (၅)မိုင်၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို တက်ရောက်အားပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနိုင်းမြို့နယ် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသ၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဆင်းဇကရီ(၃) ပျိုးပင်များ စုပေါင်းပျိုးထောင် စိုက်ပျိုးနေမှုနှင့် စုပေါင်းထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

ရေကြောင်းချောမွေ့ရေး ရှင်းလင်းဖယ်ရှားပေးနေသည့် ဒါးကမြစ် မြင်ကွင်းအလှ

မြစ်အတွင်းမှ ဗေဒါပင်များကို စုပေါင်းဆယ်ယူဖယ်ရှားနေကြသည့် ဒေသခံပြည်သူများ၏ လုပ်အားအလှမြင်ကွင်း ....။

သတင်းခရီးသည် ➢ သတင်းထောက်ထွန်းဇော် (စမ်းချောင်း)
ဓာတ်ပုံမှတ်တမ်း ➢ သတင်းထောက်မြင့်အောင် (အလုံ)
စာမျက်နှာဖွဲ့စည်းမှု ➢ လွဲလွဲဝင်း (မြန်မာ့အလင်း)

ပုသိမ် ဇူလိုင် ၄

ပုသိမ်မြို့သည် သန့်ရှင်းလှပသည့် မြင်ကွင်းများ၊ နေအိမ်တိုက်တာတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ပုံရိပ်များဖြင့် စည်ဝေလျက်....။ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့သို့ သတင်းခရီးသည်တို့ ရောက်ရှိချိန် တိုက်တိုက်ဆိုင်ဆိုင် မိုးရာသီတွင် ဖြစ်ပေါ်တတ်သော ရေအရင်းအမြစ်ဖြစ်သည့် မြစ်ချောင်းအတွင်း လျင်မြန်စွာ ပေါက်ပွားလေ့ရှိသည့် ဗေဒါပင်အမှိုက်များ ရှင်းလင်းဆောင်ရွက်ရေးလုပ်ငန်းသို့ လေ့လာရေးသားခွင့်ရခဲ့သည်။

အနီးကပ်

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်မည့် ဗေဒါပင် ရှင်းလင်းရေးလုပ်ငန်းသို့ လိုက်ပါရန် နံနက် ၅နာရီ အိပ်ရာမှထ၍ အေးမြသော မိုးသက်လေ နုနုလေးကိုခံစားပြီး သတင်းခရီး လိုက်ပါခဲ့ကြသည်။

ပုံရိပ်များ

လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးပြီး စပါးစိုက်ကွက်များ၊ စိုက်ပျိုးရန် ထယ်ထိုးပြင်ဆင်နေကြသည့် တောင်သူဦးကြီးများ၊ စနစ်တကျ အကွက်ချ၍ စိုက်ပျိုးနေကြသော *စာမျက်နှာ ၉ ကော်လံ ၁* ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၅ရက်)

သမိုင်းအစဉ်အလာကောင်းနှင့်အညီ မြန်မာအမျိုးသမီးများ စွမ်းစွမ်းတမံလက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တင်ရေးနှင့် ဘဝပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယင်းနေ့ကိုပင် မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းရည်ကောင်းများ၊ လေးစားဂုဏ်ယူမြတ်နိုးဖွယ်ဂုဏ်ဒြပ်များနှင့် အစဉ်အလာကောင်းများ အစရှိသည့် ဂုဏ်ရည်များကို ရည်ညွှန်းဖော်ပြ ဂုဏ်ပြုသည့်နေ့ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရာ၌ အမျိုးသမီးထုတစ်ရပ်လုံး၏ အကျိုးစီးပွားအပါအဝင်ဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အစီအစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ အမျိုးသမီးများဆိုင်ရာ နိုင်ငံတကာ ပြဋ္ဌာန်းချက်များ၊ ပဋိညာဉ်များနှင့် ထင်ဟပ်လျက် မြန်မာအမျိုးသမီးများ၏ ဘဝနှင့်ကိုက်ညီမည့်လုပ်ငန်းစဉ်များလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် မြင့်မြတ်သော မျိုးနွယ်မှ ပေါက်ဖွားလာကြသူများဖြစ်သည်။ "မြန်" ဆိုသည့်အတိုင်း လျင်မြန်ဖျတ်လတ်တက်ကြွပြီး "မာ"ဆိုသည့်အတိုင်း ခိုင်မာတည်ကြည် ပြတ်သားသော စိတ်ဓာတ်နှင့် "မြန်မာ"မျိုးဆက်သစ် လူငယ်လူရွယ်များကို မွေးဖွားသန့်စင်ပြုစုပျိုးထောင်ပေးသော မေတ္တာရှင် ဥယျာဉ်မှူးများဖြစ်ကြသည်။

မြန်မာအမျိုးသမီးများတွင် ပင်ကိုဗီဇ နူးညံ့သိမ်မွေ့ခြင်း၊ ဣန္ဒြေရှိခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းတို့သည် မွေးရာပါထူးခြားသော ဝိသေသများရှိကြသည်။ ယနေ့ မျိုးဆက်သစ် မြန်မာအမျိုးသမီးလေးများသည် မြန်မာမိန်းကလေးတို့၏ ထူးခြားသော ဂုဏ်ရည်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်က မြန်မာအမျိုးသမီးများ၏ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ အားပေးလျက်ရှိရာ မြန်မာအမျိုးသမီးများက မိမိတို့၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်များကိုမြှင့်တင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ သမိုင်းအစဉ်အလာကောင်းနှင့်အညီ စွမ်းစွမ်းတမံ လက်တွဲပါဝင် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သီလတန်ဖိုး** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၃၇)
၈:၃၀	သာသနာ့ကောင်းကင်ယံက ဓမ္မကထိက ကြယ်စင်များ
၈:၄၅	ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
၉:၀၀	Activities in the City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၉:၂၀	ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
၉:၄၀	Global Panorama
၁၀:၃၅	အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၁၀:၅၀	International Show Biz
၁၁:၀၅	ယဉ်ကျေးသွင်ပြင် ဝတ်စားဆင် ပိုးချိတ်အသွင်
၁၁:၂၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ဂေါ်ဖီထုပ်အစိမ်း အစာသွတ်ပြုလုပ်နည်း၊ ခရမ်းသီးပေါင်းပြုလုပ်နည်း)
၁၁:၄၀	အလှကြွယ်တဲ့ မြို့ပျော်ဘွယ်
၁၁:၅၅	Celebrity Choice (ဟဲလေး)
၁၂:၂၅	ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂:၄၀	**ကလေးများအတွက် အကောင်းဆုံး** ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီ ပန်းဖြူ၊ ကလေးသရုပ်ဆောင် ဖြိုးသူရကျော် (ဒါရိုက်တာ- မင်းစိုးသီဟ)
၁:၀၀	**သီလတန်ဖိုး** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Mnet Asian Music Awards 2009
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၃၇)
၄:၂၀	မြန်မာ့ **အိုး**
၄:၂၅	သာသနာ့ကောင်းကင်ယံက ဓမ္မကထိက ကြယ်စင်များ
၄:၄၀	ဖန်တီးသူ၏ ပညာစွမ်းမှသည်.... လှပသောဘဝများဆီသို့
၅:၀၀	စာအုပ်ပြခန်း [မြန်မာ့ကြေးခေတ် ယဉ်ကျေးမှု သုတေသန ခရီးစာအုပ်ကို ရေးသားသူ ဆရာဦးစန်းဝင်း (ရှေးဟောင်းသုတေသန)နှင့် တွေ့ဆုံခြင်း]
၅:၂၀	ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု
၅:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၇:၀၀	Celebrity Choice (ဟဲလေး)
၇:၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရွှင်တော်လည်း လူသားပါ** အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစီ၊ ကျင်ငှက်၊ ခေါလေး၊ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၈:၀၀	MRTV-4 သတင်း
၈:၃၀	Mnet Asian Music Awards 2009
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၇)
၁၀:၀၀	Activities in the City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၁၀:၁၅	Sports World
၁၀:၄၀	ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီး မိတ်ဆက်ပွဲ
၁၁:၀၀	အနုပညာမိုးကောင်းကင်
၁၁:၂၅	Hair Style For All (အမျိုးသမီး)
၁၁:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရွှင်တော်လည်းလူသားပါ**
၁၂:၁၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်စိုက်ပျိုးပွဲနှင့် မိုးစပါးစုပေါင်းထွန်ယက်ပွဲ လပွတ္တာ၌ ကျင်းပ

လပွတ္တာ ဇူလိုင် ၄

လပွတ္တာခရိုင် လပွတ္တာမြို့နယ် လပွတ်ပြေးလဲပျောက်ကျေးရွာအုပ်စုတွင် သစ်ပင်စိုက်ပျိုးပွဲနှင့် စုပေါင်းမိုးစပါးထွန်ယက်ပွဲကို ဇွန်၂၄ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး ကြီးကြပ်၍ ကျေးရွာတွင်းရှိ တောင်သူများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်းပြီး ကြာကန်အုပ်စု၊ ကျောက်နုကျေးရွာ ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် ယူကလစ်ပင်နှင့် အရိပ်ရသစ်ပင်ပေါင်း ၁၂၀၀၀ကျော် စိုက်ပျိုးကြသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် ကွဲ၁၉ရှဉ်း၊တစ်ဘီးတပ်ထွန်စက်တစ်စီး၊ သမန်းလှေတစ်စီးတို့ဖြင့် တောင်သူများ စုပေါင်းထွန်ယက်မှုကို ကြည့်ရှုအားပေးကြပြီး**(အောက်ပုံ)** တောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးဧက ပြည့်မီရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော်ရှိ ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာနနှင့် ရုံးအမှတ်(၄၇) ကျန်းမာရေးဝန်ကြီးဌာနရုံးတို့၌ ကျင်းပသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ရုံးအမှတ်(၄) သစ်ပင်စိုက်ပျိုးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က နှစ်ရှည်သီးနှံ စိုက်ခင်းမြေနေရာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက စိန်ပန်းပင်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက စိန်တစ်လုံးသရက်ပျိုးပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြကာ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ်(၄၇) သစ်ပင်စိုက်ပျိုးပွဲသို့ သွားရောက်၍ ရုံးရှေ့မျက်နှာစာ၌ ဝန်ကြီးက ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက စိန်ပန်းပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ခရေပင်များစိုက်ပျိုးပေးကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ ကျွန်း၊ ပိတောက်၊ မဲဇလီ၊ တမာ၊ စိန်တစ်လုံးသရက် စသည့် စိုက်ပျိုးပင် ၇၅၀ကျော်ကို ရုံးအမှတ်(၄)ရှိ မြေနေရာတွင်လည်းကောင်း၊ ရုံးအမှတ် (၄၇)မြေနေရာတွင် ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ ပိတောက်၊ ငု၊ စိန်တစ်လုံးသရက်၊ ပိန္နဲ၊ တမာ စသည့်စိုက်ပျိုးပင် ၃၇၅ပင်ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်မှုကို ဇွန် ၁၃ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းတို့အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ (ပျဉ်းမနား)သို့ ရောက်ရှိလာရာ အလုပ်ရုံရှင်းလင်းဆောင်၌ တာဝန်ခံ(အင်ဂျင်နီယာ) ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဆွေက အလုပ်ရုံတွင် ယာဉ်ကြီးများနှင့် မြေထိုးစက်ကြီးများ ပြုပြင်နိုင်မှု၊ ပြုပြင်ပေးနေမှုနှင့် ယာဉ်ပြင်သင်တန်းများမှ သင်တန်းသားများအား သင်တန်းပို့ချပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လေ့ကျင့်သင်ကြားသွားရေး

ထို့နောက် ဝန်ကြီးက ယာဉ်ယန္တရားကြီးများကို သစ်ထုတ်ရာသီအမီ ပြုပြင်ပြီးစီးရေး၊ ပညာသည်ဝန်ထမ်းများရရှိအောင် လေ့ကျင့်သင်ကြားသွားရေး၊ ခြိုးခြံချွေတာရေး၊ ရတနာတန်းဝင်အပင်ကြီးများ စိုက်ပျိုးရေး မှာကြားပြီး အလုပ်ရုံအတွင်း ယာဉ်ယန္တရားကြီးများ ပြုပြင်နေမှု၊ အင်ဂျင်ပြုပြင်ခန်း၊ တွင်ခုံ ဖောက်ခုံအခန်းနှင့် ပစ္စည်းသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂)သို့ ရောက်ရှိရာ ကျောင်းရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးအုန်းမောင်က သစ်တိုက်ယာဉ်၊ လမ်းဖောက်စက် ဒိုဇာနှင့် သစ်တင်စက် လိုဒါမောင်းသင်တန်းများ ဖွင့်လှစ်နိုင်မှုနှင့် သင်တန်းသစ်ဖွင့်လှစ်ရန် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးဝဏ္ဏဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက အသိပညာ၊ အတတ်ပညာများ သင်ကြားပေးရုံသာမက စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရေးအတွက်ပါ လေ့ကျင့်သင်ကြားပေးသွားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ (ပျဉ်းမနား)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ် ထွက်ပြီ

ရန်ကုန် ဇူလိုင် ၄

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ် ထွက်ရှိလာရာ ဂျာနယ်တွင် မန္တလေးမြို့ ပုဂ္ဂလိက စက်သုံးဆီဆိုင်အချို့ ဝန်ထမ်းများအတွက် သီးသန့်ရောင်းချ ချိန်ပေးထား၊ S.S.S ကား ထုတ်လုပ်ရေးမှ မော်တော်ကားများကို ဝယ်ယူလိုသူများပြား၊ မန္တလေးဈေးချိုဆိုင်ခန်းများ အရစ်ကျငွေချေ စနစ်ဖြင့် ရောင်းသော်လည်းအဝယ်မလိုက်၊ ရခိုင်ပြည်နယ်မှာ ရှားပါးလင်းပိုင် တစ်ကောင်တွေ့ရှိ၊ မင်္ဂလာဈေး မီးလောင်ပြီးနောက် ဆေးဈေးကွက် အခြေအနေ၊ မဟာဗန္ဓုလတံတားအဆင်းမှာယာဉ်တိုက်မှုဖြစ်၊ ဒဂုံ(ခေါ်)ရန်ကုန်မြို့သမိုင်း၊တောင်ဥက္ကလာပမြို့နယ်၌ ဆေးခြောက် ဂရမ် ၃၉၀ နီးပါးဖမ်းမိ၊ မြို့တွင်းခြောက်မြို့နယ် ဆိုက်ကားအပါအဝင် အနေးယာဉ် အရေအတွက် လျှော့ချ၊ ရင်းနှီးမြှုပ်နှံသူများ အိမ်၊ ခြံ၊ မြေဘက် ခြေဦးလှည့်၊ လူသားဆန်သောနှလုံးသားနှင့် မြန်မာကပွဲတိုက်ရ စပိန်မှာ ဆုတံဆိပ်ရ စသည်တို့ ဖော်ပြထားသည်။

ထို့ပြင် ဂျာနယ်ကျော်မမလေး၏ အမေဝတ္ထု၊ မောင်သန်းဆွေ (ထားဝယ်)၏ ဖူးစာနှစ်ခိုင်၊ ဆရာလူထုစိန်ဝင်း၏ လမ်းညွှန်စာအုပ် ရေးစေချင်၊ ဆရာမင်းသုဝဏ်၏ ကဗျာ ထဲကဖိုးမောင် ပြန်လည်နိုးထ၊ ဒုတိယအကြိမ် စင်ကာပူကိုသွားခဲ့တဲ့ နေတိုး၊ အကယ်ဒမီခင်မို့မို့အေးပြောသော အနုပညာ ရှင်၏ ငွေကြေး၊ ဘိသိက်ပြိုင်လိုဇာတ်လမ်း များကို တောင့်တနေကြတဲ့ ပရိသတ်၊ F4 ချစ်သူ ကင်ဘမ်၊ နုပျိုတက်ကြွတဲ့ U KISS အဖွဲ့၊ ရှရှားအတွက် သူလျှိုလုပ်ပေးသူ၊ တရုတ်ပြည်တောင်ပိုင်း မြေပြိုမှု၊ ငွေကျံ့မှုနှင့် ဖောင်းပွမှုအကြောင်း စသည့် သိသင့်သိထိုက်သည့် ကမ္ဘာနှင့် မြန်မာသတင်းများနှင့်အတူ News Watch (စောင့်ကြည့်) ဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မှော်ဘီမြို့ အမှတ်(၄) လမ်းဆုံ တြိဂံကျွန်းအတွင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဇွန် ၂၈ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၄

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယမန်နေ့နံနက်ဖ၁နာရီက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် မြို့နယ်ခုနစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်အမျိုးသမီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာန ဌာနမှူး ဒေါ်သန္တာဘုန်းဝင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဆောင်းပါး၊ စာစီစာကုံး၊ ပညာရေး၊ အားကစား၊ မသန်စွမ်း၊ မီးသတ်နှင့် ကြက်ခြေနီ ထူးချွန်အမျိုးသမီး ၆၁ဦးတို့အား မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ တိုင်းရင်းသားတေးသရုပ်ဖော်အကကို “စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်” တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်သည်။ ယင်းနောက် မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပါဝင်ကူညီခဲ့ကြသူများ၊ အဖွင့်တေးသီချင်း၊ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

သံတောင်ကြီး၌ ရွေးကောက်ပွဲ လုပ်ငန်းသင်တန်းဖွင့်

သံတောင်ကြီး ဇူလိုင် ၄

သံတောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဇွန် ၂၆ရက် နံနက် ၉နာရီက သံတောင်ကြီးမြို့ စုပါဝမ်းခန်းမ၌လည်းကောင်း၊ ဇူလိုင် ၃ ရက် နံနက် ၉နာရီက သံတောင်ကြီးမြို့ အထကကျောင်းခန်းမ၌လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဒီထူးက အမှာစကား ပြောကြားပြီးနောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးညွှန့်ရွှေ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကိုကိုနိုင်၊ ဦးလှမိုး၊ ဒေါက်တာစန္ဒာဝင်း၊ ဒေါ်နော်အက်စတာခင်၊ ဦးစိုးသီဟမောင်မောင်၊ ဦးစောတီမသေ တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏တာဝန်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များကို သင်တန်းပို့ချကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပြည်တွင်း၊ ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်မည်

နေပြည်တော် ဇူလိုင် ၄

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘော လိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများအတွက်ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်း အပတ်စဉ်အသစ်ကို ဇူလိုင်ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြား

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသော F&B Service (Waiter/Waitress)၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ဖွင့်လှစ်

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇူလိုင်ဒုတိယပတ်အတွင်းတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူ များအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ သင်တန်းပို့ချ

နေပြည်တော် ဇူလိုင် ၄

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နေပြည်တော်ခရိုင်အတွင်း စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ နည်းပညာများပြန့်ပွားရေး သင်တန်းကို ဇူလိုင် ၂ ရက် နံနက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးတို့မှ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမှတ်ကြီးနှင့် မြို့နယ်အသီးသီးမှ မန်နေဂျာများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ပို့ချ

အဆိုပါ သင်တန်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်မှ အထွေထွေ မန်နေဂျာ ဒေါက်တာကြည်မြင့် **(အောက်ပုံ)**၊ ဒေါက်တာကျင်ကျင်ဝင်း၊ ဒေါ်ခင်နှင်းသန့်၊ ဒေါ်မေမေခင်တို့က မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ ပိုးမွှားရောဂါ ကာကွယ်ရေး၊ မြေသြဇာ အကျိုးရှိစွာ သုံးစွဲရေး၊ မြေဆီလွှာ ထိန်းသိမ်း ရေး၊ မြေဆီလွှာထက်သန်ရေးနှင့် မြေဆီလွှာ ပြုပြင်ရေးဆိုင်ရာများ ပို့ချသည်။ **(၁၁၁)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် လှည်းကူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို လှည်းကူးမြို့နယ် ပညာရေးကောလိပ်၌ ဇွန်၃၀ရက် နံနက် ၈ နာရီကကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ ခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ကျော် တက်ရောက်ပြီး သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌသည် ပညာရေးကောလိပ်တွင် ကျင်းပသော ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ပွဲသို့ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

5-7 (03).pmd 1 7/5/2010, 1:39 AM

အာရှခရီးစဉ် တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်တို့သို့ နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီး ခရီးထွက်ခွာ

ဝယ်လင်တန် ဇူလိုင် ၄

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဂျွန်ကီးသည် ၁၀ရက်တာအာရှခရီးစဉ်အဖြစ် တောင်ကိုရီးယား၊ တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သို့ ဇူလိုင် ၃ရက်က စတင်ထွက်ခွာသွားကြောင်း ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဂျွန်ကီး

အဆိုပါခရီးစဉ်တွင် အထူးစီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍတို့ကို လွတ်လပ်စွာ ကုန်သွယ်မှုပြုရေး တောင်ကိုရီးယားနှင့်ဆွေးနွေးမည်ဖြစ်သည်။

သွားရောက်မည်

ထို့ပြင် ဝန်ကြီးချုပ်ဂျွန်ကီးသည် ပေကျင်းမြို့သို့ ဆက်လက်သွားရောက်ကာ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဆက်လက်၍ ဇူလိုင်၉ရက်တွင် ကျရောက်မည့် နယူးဇီလန်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်၌ ရှန်ဟိုင်းကုန်စည်ပြပွဲရှိ နယူးဇီလန်ပြခန်းသို့လည်း သွားရောက်မည်ဖြစ်သည်။

ဆွေးနွေး

နောက်ဆုံးခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံအကြီးအကဲများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကူဒတ်ဇ်ပြည်နယ်၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် ပေါက်ကွဲမီးလောင်နေသည်ကို ဇူလိုင် ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ စက်သုံးဆီယာဉ်တိမ်းမှောက် လူ ၂၃၀သေဆုံး

ဘူကာဗူ ဇူလိုင် ၄

ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း၌ စက်သုံးဆီ တင်ဆောင်သည့်ကားသည် ဇူလိုင်၃ရက် ညပိုင်းက တိမ်းမှောက်မှုဖြစ်ပွားရာမှ ပေါက်ကွဲမီးလောင်ခဲ့ခြင်းကြောင့် လူပေါင်း ၂၃၀ သေဆုံးခဲ့ပြီး ၁၉၆ဦး ဒဏ်ရာရရှိသည်ဟု ရုပ်မြင်သံကြားဌာနက ထုတ်ပြန်ကြေညာသည်။

သတင်းထုတ်ပြန်

အဆိုပါ စက်သုံးဆီတင်ယာဉ်သည် ကွန်ဂိုနိုင်ငံ ဘူကာဗူမြို့တောင်ပိုင်း ကီလိုမီတာ ၇၀အကွာရှိ ဆန်ဂျီရွာ၌ တိမ်းမှောက်ခဲ့ရာ သေဆုံးသူများတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ငါးဦးပါဝင်သည်ဟု ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စက်သုံးဆီတင်ယာဉ်တိမ်းမှောက်

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ စက်သုံးဆီတင်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွားသည်ကို ဇူလိုင် ၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲဖြစ်နိုင်ဟု ကုလသမဂ္ဂအကြီးအကဲ သတိပေး

ဂျီနီဗာ ဇူလိုင် ၄

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအကြား တင်းမာမှုများမြင့်တက်လာပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခအသစ်တစ်ရပ် ဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးလိုက်သည်။

ဖော်ပြ

တင်းမာမှုများ မြင့်မားလာမှုကြောင့် တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်လာပြီး ရန်လိုတိုက်ခိုက်မှုများနှင့်အတူ နောက်ဆက်တွဲပျက်စီးမှုရလဒ်များ ကြုံတွေ့နိုင်သည်ဟု ဘန်ကီမွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကုလသမဂ္ဂအကြီးအကဲက အစ္စရေးနှင့်လက်ဘနွန် နှစ်နိုင်ငံစလုံး ၂၀၀၆ခုနှစ် အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ကို ချိုးဖောက်ကြသည်ဟု စွပ်စွဲပြောကြားသည်။

ပြောကြား

အစ္စရေးက လက်ဘနွန်နိုင်ငံအပေါ်တွင် နေ့စဉ်စစ်ဘက်ဆိုင်ရာ ပျံသန်းမှုများပြုလုပ်ပြီး အငြင်းပွားဒေသဖြစ်သည့် ဂါဂျာကျေးရွာမှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ငြင်းဆန်နေခြင်းဖြင့် နိုင်ငံတကာဥပဒေများကို အာခံနေသည်ဟု ဘန်ကီမွန်းက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘောဒီးယား၌ ဝမ်းရောဂါဖြစ်ပွား သေဆုံးသူ ၆၀ရှိပြီး အများအပြားရောဂါကူးစက်

ဖနောင်ပင် ဇူလိုင် ၄

ကမ္ဘောဒီးယားနိုင်ငံ ပြည်နယ် ၂၄ပြည်နယ်အနက် ပြည်နယ် ၂၀၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသဖြင့် သေဆုံးသူ အနည်းဆုံး ၆၀အထိရှိလာကြောင်း ဇူလိုင် ၄ရက်က ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ပြောကြား

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ ၄၄၉ဦးရှိခဲ့ရာ ၆၆ဦး သေဆုံးခဲ့ရကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

လောလောဆယ် မြို့တော်ဖနောင်ပင် အပါအဝင် ပြည်နယ် ၁၁ခု၌ အဆိုပါရောဂါများ ဖြစ်ပွားနေရာ လူ ၄၀၀၀ခန့် ဝမ်းရောဂါဖြစ်ပွားလာနိုင်ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ကြေညာထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆိုမာလီ၌ ဖြစ်ပွားသည့်တိုက်ပွဲအတွင်း အရပ်သား ၃၁ဦးသေဆုံး၊ ၉၃ဦးဒဏ်ရာရရှိ

မိုဂါဒစ်ရှူး ဇူလိုင် ၄

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ဆိုမာလီတပ်ဖွဲ့နှင့် ဒေသခံတိုက်ခိုက်ရေးသမားတို့ ဇူလိုင် ၁ရက်မှစတင်ကာ နှစ်ရက်ကြာဖြစ်ပွားသည့် တိုက်ပွဲအတွင်း အရပ်သား ၃၁ဦးသေဆုံးပြီး ၉၃ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

ထပ်မံသေဆုံး

ယင်းဖြစ်ပွားမှုသည် ဇူလိုင် ၁ရက်က မိုဂါဒစ်ရှူးမြို့၌ ဆိုမာလီနိုင်ငံ၏ နှစ်(၅၀)ပြည့် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားကျင်းပစဉ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သား ၂၆ဦးသေဆုံးပြီး ဇူလိုင် ၂ရက်တွင် ဒေသရှိလူနေအိမ်များကို အမြောက်များဖြင့် ပစ်ခတ်ရာ အရပ်သားငါးဦး ထပ်မံသေဆုံးသည်ဟု တာဝန်ရှိသူတစ်ဦးက ပြည်နယ်သတင်းဌာနသို့ ပြောကြားသည်။

တိုက်ခိုက်

ယင်းနေ့ညနေ၌ပင် ဆိုမာလီသမ္မတ ရှရစ်အာမက်ကိုယ်တိုင် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ထောက်ခံသည့် ဆိုမာလီတပ်ဖွဲ့နှင့် လိုက်ပါတိုက်ခိုက်သည်ဟုဆိုသည်။

ဝင်ရောက်ခိုလှုံ

မကြာသေးမီအတွင်းက ဆိုးရွားသည့် တိုက်ခိုက်မှုများကြောင့် အရပ်သားများစွာ သေဆုံးခဲ့ရသည်ဟုဆိုသည်။ ယခုနှစ် ပထမ နှစ်ဝက်အတွင်း၌ တိုက်ခိုက်မှုများကြောင့် ဒုက္ခသည် ၆၆၆၀ခန့်သည် ယီမင်နိုင်ငံသို့ ဝင်ရောက်ခိုလှုံခဲ့ကြသည်။ **(အင်တာနက်)**

နိုင်ငံရပ်ခြားတရုတ်ရေးရာကိစ္စ ဆွေးနွေးရန် တရုတ်ကိုယ်စားလှယ်အဖွဲ့ ယူအေအီးသို့ ရောက်ရှိ

အဘူဒါဘီ ဇူလိုင် ၄

ပင်လယ်ကွေ့နိုင်ငံများ အတွင်းရှိ နိုင်ငံရပ်ခြား တရုတ်ရေးရာကိစ္စအတွက် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် သုံးရက်တာခရီးစဉ်အဖြစ် အဘူဒါဘီမြို့သို့ ဇူလိုင် ၂ရက်က ရောက်ရှိသည်ဟုဆင်ဟွာသတင်း၌ ဖော်ပြသည်။

တွေ့ဆုံ

၎င်းကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင် တရုတ်ပြည်နယ်ကောင်စီ နိုင်ငံရပ်ခြား တရုတ်ရေးရာအဖွဲ့ အကြီးအကဲ မာရူပီသည် အဘူဒါဘီမြို့သို့ရောက်ရှိပြီးနောက် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရှိ တရုတ်သမဂ္ဂအဖွဲ့နှင့် နိုင်ငံရပ်ခြားတရုတ်၂၀၀၀၀၀ခန့်ကို သွားရောက်တွေ့ဆုံခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ဖိတ်ခေါ်

တရုတ်နိုင်ငံနှင့် နိုင်ငံတကာတို့ အကြား တရုတ်ယဉ်ကျေးမှု မြှင့်တင်ဆောင်ရွက်ရေးနှင့် ယဉ်ကျေးမှုအပြန်အလှန် ပူးပေါင်းလုပ်ဆောင်ရေးကို နိုင်ငံရပ်ခြားတရုတ်ရေးရာအဖွဲ့တို့အား ဖိတ်ခေါ်လျက်ရှိကြောင်း မာရူပီပြောကြားသည်။

အကျိုးတူလုပ်ဆောင်

၎င်းခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ(ယူအေအီး)နိုင်ငံရှိ နိုင်ငံရပ်ခြား တရုတ်ရေးရာကိစ္စရပ်များ တိုးချဲ့ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ရန် အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်မှုနယ်ပယ်ကဏ္ဍတို့ကို အကျိုးတူလုပ်ဆောင်ရန်ဖြစ်သည်ဟု မာရူပီ၏ ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တူရကီတပ်ဖွဲ့နှင့် ပီကေကေတို့ တိုက်ခိုက်မှုဖြစ်ပွား

အင်ကာရာ ဇူလိုင် ၄

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တူရကီရဲတပ်ဖွဲ့နှင့် မတရားအသင်းကာ့ဒ် အလုပ်သမားပါတီဝင်(ပီကေကေ)များ တိုက်ခိုက်မှုဖြစ်ပွားရာ ပီကေကေတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းဆီးရမိကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ဇူလိုင် ၃ရက်တွင် ဖော်ပြသည်။

သိရှိရ

ပီကေကေအဖွဲ့ဝင်နှစ်ဦးက ရဲတပ်ဖွဲ့၏ကားကို ရှာဖွေခဲ့ရာမှ တူရကီ ရဲတပ်ဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် ဆာနယ်ပြည်နယ် ဆီဇာမြို့တွင် ဖြစ်ပွားခဲ့သည်ဟု သတင်းများအရ သိရှိရသည်။

တိုက်ခိုက်မှုခံရ

တစ်ချိန်တည်းမှာပင် အရှေ့တောင်ပိုင်းဒေသရှိ ပီကေကေအဖွဲ့ဝင်များအား လုံခြုံရေးအရ ထိုးစစ်ဆင်ခဲ့ရာမှ ပြန်လာသည့် တူရကီတပ်ဖွဲ့ဝင်အုပ်စုတစ်စုသည် အခြားအုပ်စု၏ တိုက်ခိုက်မှုခံခဲ့ရသည်ဟု အနာတိုလီယာသတင်းဌာနက ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ဩစတြေးလျတွင် အစားထိုးစက်သုံးဆီ စွမ်းအင်တိုးမြှင့်သုံးစွဲရန် စီစဉ်

ဗီယင်နာ ဇူလိုင် ၄

ဩစတြေးလျနိုင်ငံက ၂၀၂၀ပြည့်နှစ်တွင် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၃၄ ရာခိုင်နှုန်းအထိ လေထုမညစ်ညမ်းသည့် စက်သုံးဆီစွမ်းအင်များကို တိုးမြှင့်သုံးစွဲရန် စီစဉ်နေကြောင်း ဩစတြေးလျ စီးပွားရေးဝန်ကြီး ရိုန်းဟိုးမစ်တရီးနားက ဇူလိုင် ၃ရက်တွင် ပြောကြားသည်။

အလေးထားဆောင်ရွက်

ယင်းရည်ရွယ်ချက် ပေါက်မြောက်စေရန်အတွက် ဩစတြေးလျအစိုးရက ရေအားလျှပ်စစ်နှင့် ဇီဝစွမ်းအင်ထုတ်လုပ်မှုအပေါ် အလေးထားဆောင်ရွက်မည်ဟု ၎င်းက သတင်းထောက်များအား ပြောကြားသည်။

ရေအားလျှပ်စစ်စက်ရုံများ ၂၀၀၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးမှုကြောင့် အစားထိုးလောင်စာ အရင်းအမြစ်များမှ စွမ်းအင် ၂၄ဒသမ၄ရာခိုင်နှုန်းအထိ ဩစတြေးလျအစိုးရက ထုတ်လုပ်ဖြည့်ဆည်းပေးခဲ့ပြီး ၂၀၀၈ခုနှစ်တွင် ၂၈ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲမည်ဖြစ်သည်။

(အင်တာနက်)

ရေစီးရေလာကောင်းမွန်ရေး ရွှေကျင်စည်ပင်ဆောင်ရွက်

ရွှေကျင် ဇူလိုင် ၄

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့တွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၉ရက်က တူးဖော်ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဝင်းတို့ ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိုက်ကမ်ကျေးရွာအုပ်စု ဆိုင်းမွန်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအတွက် ရေပိုက်များလဲလှယ်ခြင်း၊ ရေပိုက်လမ်းကြောင်းတစ်လျှောက် စစ်ဆေးပြုပြင်ခြင်းနှင့် ရေစုကန်ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်၊ မြို့မိမြို့ဖ ဦးစိုင်းနုနှင့် ဦးနေအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မိုင်းဖြတ် ဇူလိုင် ၄

မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနက ဦးစီးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၈ရက် နံနက် ၇နာရီခွဲက မိုင်းဖြတ်-မိုင်းယောင်းကားလမ်းဘေးဝဲယာတစ်လျှောက်၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်း တက်ရောက်ပြီး အထိမ်းအမှတ်ကျွန်းပင် စိုက်ပျိုးပေးသည်။ (အပေါ်ပုံ)

စိုက်ပျိုး

အခမ်းအနားသို့ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟိန်းသူဝင်း၊ မြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်ညွန့်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ကျွန်း ၁၂၀၅ပင် စိုက်ပျိုးကြသည်။

ယခုနှစ်မိုးရာသီအတွင်း မိုင်းဖြတ်မြို့၌ ကျွန်းပင် ၁၇၃၀၀၊ ယူကလစ်ပင် ၂၉၀၀၀ နှင့် အခြားသစ်ပင် ၁၀၀၀ စုစုပေါင်း အပင် ၄၇၃၀၀ ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် အရိယမဂ္ဂင်လမ်း အမှတ်(၂)နေ ဒေါ်စန်းစန်းလွင်နှင့် မိသားစုက ဗိုလ်မှူးညွန့်လွင်(ငြိမ်း) ကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ကျိုက်ထို ဇူလိုင် ၄

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က တက္ကသိုလ်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ကျိုက်ထိုမြို့နယ် စခန်းမှူးရဲအုပ်ဝင်းအောင်နှင့် သိမ်ဇရပ်စခန်းမှူးရဲအုပ်မြင့်သိန်းဦးတို့က မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်နွဲ့လေးက ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

အဆိုပါပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၀၀အား ဗလာစာအုပ် ၄၂ဒါဇင်၊ ဘောပင် ၁၅ဒါဇင်၊ ခဲတံ ၂၂ဒါဇင်နှင့် ငွေကျပ် ၃၈၇၀၀၀ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးရစ်ငါးသန် ငါးများအား ရောင်းဝယ်ခြင်းမပြုလုပ်ရန် ရေကြည်မြို့နယ် စည်ပင်သာယာဈေးအတွင်း ဇွန် ၄ရက်က မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးနိုင်နှင့် ဝန်ထမ်းများက စစ်ဆေးကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ထီးချိုင့်၌ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းသင်တန်းဖွင့်

ထီးချိုင့် ဇူလိုင် ၄

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီက ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကသာခရိုင် ကော်မရှင်အဖွဲ့ဝင် ဦးအုံ့ကျော်က အမှာစကားပြောကြားသည်။

သရုပ်ပြ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်ရွှေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဥပဒေအရာရှိ ဦးထွန်းအောင်ကျော်က ကော်မရှင်ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ ကော်မရှင် အတွင်းရေးမှူး ဦးကောင်ညွန့်သွင်က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရန်လုပ်ငန်းများ လက်တွေ့သရုပ်ပြရှင်းလင်းပို့ချကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ဇေယျဈေး မီးဘေးလုံခြုံရေးအတွက် အရန်မီးသတ်ရေကန်များ ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးကြည်ဇင်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - ရေးသားသည်

ရုရှားအာကာသကုန်တင်ယာဉ် ချိတ်ဆက်ရန်ကြိုးစားဆဲ

ရုရှားနိုင်ငံမှ လွှတ်တင်လိုက်သော အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မိရန် ကြိုးစားနေဆဲဖြစ်ကြောင်း မော်စကိုမြေပြင်ထိန်းချုပ်ရေးစခန်းက ဇူလိုင် ၄ရက်၌ သတင်းထုတ်ပြန်သည်။

လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ရဲအရာရှိများ ပစ်ခတ်ခံရ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ရဲအရာရှိနှစ်ဦးအား သေနတ်သမားတစ်ဦးက ဇူလိုင် ၄ရက်၌ ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း လော့စ်အိန်ဂျလိစ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုင်ရိုမြို့၌ အဆောက်အအုံပြိုကျ၊ နှစ်ဦးသေဆုံး

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ငါးထပ် လူနေအဆောက်အအုံတစ်လုံး ဇူလိုင် ၄ရက်က ပြိုကျမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကိုင်ရိုမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဟောင်ကောင်ကမ်းလွန်၌ ရဟတ်ယာဉ်ပျက်ကျ

တရုတ်နိုင်ငံ ဟောင်ကောင်ကမ်းလွန်ရေပြင်တွင် ဇူလိုင် ၄ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ၁၃ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဟောင်ကောင်ရဲအရာရှိများက ပြောကြားသည်။

တူရကီတောင်ပိုင်း၌ ရေနံပိုက်လိုင်းမီးလောင်

တူရကီနိုင်ငံတောင်ပိုင်းတွင် သွယ်တန်းထားသော ရေနံပိုက်လိုင်း ဇူလိုင် ၄ရက်က လက်နက်ကိုင်များ၏ဖောက်ခွဲတိုက်ခိုက်မှုကြောင့် မီးလောင်မှုများဖြစ်ပွားလျက်ရှိကြောင်း၊ ဖောက်ခွဲတိုက်ခိုက်ခံရမှုမှာ မစ်ယက်မြို့အနီး၌ဖြစ်ကြောင်း တူရကီအရာရှိများက ပြောကြားသည်။

နိုင်ဂျီးရီးယားကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်ခိုက်ခံရ

နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်တွင် ဇူလိုင် ၄ရက်က ကုန်တင်သင်္ဘောနှစ်စင်းအား လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ရာ သင်္ဘောသားတစ်ဦးသေဆုံးပြီး အခြားသင်္ဘောသား ၁၄ ဦး ဖမ်းဆီးခံခဲ့ရကြောင်း သတင်းထုတ်ပြန်သည်။

မက္ကဆီကိုပင်လယ်ကွေ့ရေပြင်၌ ရေနံများပျံ့နှံ့နေဆဲ

မက္ကဆီကိုပင်လယ်ကွေ့ရေပြင်တွင် ပြီးခဲ့သည့်လက ရေနံများယိုဖိတ်မှုမှာ ယခုထိတိုင် ရှင်းလင်းရန်လိုအပ်ဆဲဖြစ်ကြောင်း၊ နိုင်ငံတကာမှအကူအညီများလည်း လိုအပ်လျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

ဂျပန်ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်တွင် ဇူလိုင် ၄ရက် နံနက်က ရစ်ချ်တာစကေး ၆ ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ အိုကီနာဝါကျွန်းတွင် နေအိမ်များ လှုပ်ရမ်းခဲ့သော်လည်း ပျက်စီးမှုမရှိကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

မက္ကဆီကိုအရှေ့မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

မက္ကဆီကိုနိုင်ငံအရှေ့မြောက်ပိုင်း လီနွန်အရပ်တွင် ဇူလိုင် ၄ရက်က မုန်တိုင်းတိုက်ခိုက်ခဲ့ရာ ဒေသခံခုနစ်ဦး သေဆုံးခဲ့ရပြီး တစ်သိန်းခန့် လေဘေးဒုက္ခကြုံတွေ့ခံစားနေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက သတင်းထုတ်ပြန်သည်။ ။ ***(အောက်ပုံ)*** ***(အင်တာနက်)***

ဘဏ္ဍာ/အခွန်ဝန်ကြီးဦးလှထွန်း စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

နှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့်အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေးခဲ့

နေပြည်တော် ဇူလိုင် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် စင်ကာပူသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သာမန်ရှန်းမူဂါရတ်နမ်၏ ဖိတ်ကြားချက်အရ ဇွန် ၂၈ရက်မှ ၂၉ရက်အထိ စင်ကာပူ သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဝန်ကြီး ဦးလှထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၉ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးရုံး၌ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သာမန်ရှန်းမူဂါရတ်နမ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဘဏ္ဍာရေးငွေရေးကြေးရေးနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ရှင်းလင်းတင်ပြ

အဆိုပါ နှစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးပွဲမတိုင်မီ ဝန်ကြီး ဦးလှထွန်းသည် ဇွန် ၂၈ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ ပြည်တွင်းအခွန်များအာဏာပိုင်အဖွဲ့ရုံးချုပ်၌ ပြည်တွင်းအခွန်များအာဏာပိုင်အဖွဲ့မှ ကော်မရှင်နာ မစ္စတာမိုဇက်လီက အခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို လည်းကောင်း၊ အကောက်ခွန်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဖောင်ယောင်ကီးယန်းက အကောက်ခွန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

တက်ရောက်ခဲ့

ဆက်လက်၍ ဝန်ကြီးသည် စင်ကာပူနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ညနေပိုင်းတွင် Suntec Convention Center ၌ ကျင်းပသော ကမ္ဘာ့မြို့တော်များ ညီလာခံဖွင့်ပွဲနှင့် နိုင်ငံတကာရေအရင်းအမြစ်ဆိုင်ရာ ပြပွဲများသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီးသည် ဇွန် ၂၉ရက် မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စတာပီတာအောင်းက ဘဏ္ဍာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ငွေကြေးအာဏာပိုင်အဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာအောင်ချောင်တီးက ငွေကြေးမူဝါဒနှင့် အာမခံလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် အဖွဲ့ဝင်များလိုက်ပါလျက် စင်ကာပူစတော့အိတ်ချိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိပြီး အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

အုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀တွင် မိုးမိတ်မြို့ မြို့တော်ခန်းမ၌ မိုးမိတ်နှင့်မဘိမ်းမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နမ့်ဆန်မြို့ မြို့တော်ခန်းမ၌ နမ့်ဆန်မြို့နှင့်မန်တုံမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဇွန် ၂၉ရက် နံနက် ၉နာရီတွင် မူဆယ်မြို့ မြို့နယ်ခန်းမ၌ မူဆယ်ခရိုင် မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀တွင် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ လောက်ကိုင်ခရိုင် လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကွမ်းလုံခရိုင် ကွမ်းလုံနှင့် ဟိုပန်မြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကျင်းပသည်။

အခြေအနေ

တွေ့ဆုံပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ခရိုင်နှင့် မြို့နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲများကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာဂျာနယ် ဇူလိုင်လထုတ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၄

အခြေခံပညာ အထက်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် မိဘတိုင်းအတွက် ဘယ်လိုကွန်ပျူတာဘွဲ့မျိုးကို ဘယ်လိုကျောင်းတွေတက်ပြီး ရယူနိုင်မလဲ အထူးဆောင်းပါး အပါအဝင် ကွန်ပျူတာဂျာနယ် ဇူလိုင်လထုတ်ကို စတင်ဖြန့်ဖြူး ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုလထုတ် ကွန်ပျူတာဂျာနယ်တွင် ကွန်ပျူတာဘွဲ့ယူရန် ကြိုးစားနေသည့်သူများ၊ ကွန်ပျူတာဘွဲ့ယူမည့်သူများနှင့် ကွန်ပျူတာဘွဲ့ယူပြီး အသက်မွေးဝမ်းကျောင်းလိုသူများအတွက် ကွန်ပျူတာဘွဲ့ တစ်ခုတည်းရရုံဖြင့် အသက်မွေးဝမ်းကျောင်းအတွက် မလုံလောက်တော့သည့်အကြောင်းကို အသေးစိတ်ဖော်ပြထားသည့်အပြင် ကွန်ပျူတာဘွဲ့တစ်ခုရရှိရေးအတွက် ပြည်တွင်းပြည်ပ ကွန်ပျူတာဘွဲ့များ၊ ဒီပလိုမာများ တက်ရောက်နိုင်သည့် ဘွဲ့၊ ဒီပလိုမာများအကြောင်းနှင့် သင်တန်းနှစ်အလိုက် ကုန်ကျမည့် ကုန်ကျစရိတ်များကို အသေးစိတ် တွက်ချက်ဖော်ပြပေးထားသည့် ဆောင်းပါးများ ပါဝင်သည်။

ဖော်ပြထား

ထို့ပြင် ကွန်ပျူတာကို အသုံးပြုနေသော အစိုးရအဖွဲ့ရုံးများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ အုပ်ချုပ်သူများ၊ မန်နေဂျာများအတွက် မိမိတို့၏ ကွန်ပျူတာနှင့် အိုင်တီဝန်ထမ်းများကို လက်တွေ့ကျကျ စီမံခန့်ခွဲနိုင်စေမည့် အိုင်တီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများကိုလည်း စတင်ဖော်ပြပေးထားသည်။ ကွန်ပျူတာနှင့် အိုင်တီဆိုင်ရာ အဖွဲ့အစည်းများထဲတွင် အောင်မြင်နေသော ကွန်ပျူတာပညာရှင်လည်းဖြစ်၊ ၂၀၁၀ခုနှစ် ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌသစ်လည်းဖြစ်သော Bizsoft Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရဲရင့်ဝင်း၏ ဘဝနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေးအမြင်များကိုလည်း တွေ့ဆုံမေးမြန်းဖော်ပြပေးထားသည်။

ကွန်ပျူတာဂျာနယ်ကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ စာအုပ်ဆိုင်တိုင်းနှင့် စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်းအိမ်တိုင်ရာရောက် ပေးပို့လျက်ရှိရာ မှာကြားလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောဝတီတိုင်း၌ထူးချွန်သူများအားဆုချီးမြှင့်

ပုသိမ် ဇူလိုင် ၄

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရေးဦးစွာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒေါ်နွယ်နွယ်ဦးက အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဧရာဝတီတိုင်းအတွင်း ထူးချွန်သည့် အမျိုးသမီးများအား ဆုများချီးမြှင့်ပေးအပ်ရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဝိဇ္ဇာ) တတိယဆုရရှိသူတစ်ဦး၊ စတုတ္ထဆုရရှိသူတစ်ဦး၊ နိုင်ငံတော်အဆင့် စာပေနှင့်ကာတွန်းပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ (၁၅) ကြိမ်မြောက်ကြက်ခြေနီ အာဆီယံလူငယ်ထူးချွန်ဆု၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲစသည့် ပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိသူ အမျိုးသမီး ၄၅ဦးတို့အား ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ဖလား ဂိုးအများဆုံး သွင်းထားသူများ ရွှေဖိနပ်ဆုချိန်ရွယ်နေ

➤ မြင့်မောင်စိုး - စုစည်းရေးသားသည် ≺

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၄

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် နယ်သာလန်နှင့် ဥရုဂွေးတို့သည် ဇူလိုင် ၆ရက်၌ ယှဉ်ပြိုင်ကစားပြီး စပိန်နှင့် ဂျာမနီတို့ပွဲမှာ ဇူလိုင် ၇ ရက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရွှေဖိနပ်ဆု

လက်ရှိအနေအထားအရ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ကွာတားဖိုင်နယ်အပြီး ငါးဂိုးသွင်းယူထားကာ ရွှေဖိနပ်ဆု ချိန်နေသည်။ ၎င်းသည် ဟွန်ဒူးရပ်စ်နှင့်ပွဲတွင် နှစ်ဂိုး၊ ချီလီနှင့်ပွဲ၌ တစ်ဂိုး၊ ပေါ်တူဂီနှင့်ကစားရာတွင် တစ်ဂိုး၊ ပါရာဂွေးနှင့်ကစားရာ၌ တစ်ဂိုးသွင်းယူထားသည်။

လေးဂိုးစီ

ထို့အတူ ဂျာမနီတိုက်စစ်မှူးများဖြစ်သည့် ကလိုဆေးနှင့် သောမတ်စ်မူလာတို့ကလည်း လေးဂိုးစီသွင်းယူထားပြီး ရွှေဖိနပ်ဆုချိန်ရွယ်နေကြသည်။ ကလိုဆေးသည် ဩစတြေးလျနှင့် ကစားရာတွင် တစ်ဂိုး၊ အင်္ဂလန်နှင့်ပွဲတွင် တစ်ဂိုး၊ အာဂျင်တီးနားနှင့်ပွဲတွင် နှစ်ဂိုး သွင်းယူထားသည်။

စပိန်အသင်းမှ တိုက်စစ်မှူး ဒေးဗစ်ဗီလာ။

သုံးဂိုးစီ

သောမတ်စ်မူလာသည် ဩစတြေးလျနှင့်ပွဲတွင် တစ်ဂိုး၊ အင်္ဂလန်နှင့်ပွဲတွင် နှစ်ဂိုး၊ ဂျာမနီနှင့်ပွဲတွင် တစ်ဂိုးသွင်းယူထားသည်။ နယ်သာလန်မှ ရှနိုက်ဒါက သုံးဂိုး၊ ဥရုဂွေးမှဆွာရက်ဇ်နှင့် ဖော်လန်တို့က သုံးဂိုးစီ သွင်းယူထားကြသည်။

(အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၄-၇-၂၀၁၀)

မချမ်းဘောမြို့	၅ ဒသမ ၀၄ လက်မ
ကိုကိုးကျွန်း	၂ ဒသမ ၃၂ လက်မ
ကသာမြို့	၁ ဒသမ ၉၇ လက်မ
ဖြူးမြို့	၁ ဒသမ ၈၉ လက်မ

မြဝတီရုပ်မြင်သံကြား

၅-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၅။	မျိုးချစ်တပ်မတော်
၄:၄၅	၆။	စိုက်ပျိုးသုတ
၄:၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၄၀	၁၂။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၆)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	Talk of the Town
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၅၈)

မုတ်သုံလေ အားကောင်းနေမြဲ

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော် (ရေဆင်း)တွင် ၀ ဒသမ ၇၉ လက်မ၊ မချမ်းဘောမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ကိုကိုးကျွန်းတွင် ၂ ဒသမ ၃၂ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဘီးလင်းမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၆၉ လက်မစီနှင့် အောင်လံမြို့တွင် ၁ ဒသမ ၀၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၅ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာလမ်း တိုးတက်ပြုပြင်နေသည့်အဖွဲ့များအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၃၀ရက် ညပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုသိမ် - မုံရွာလမ်း (အပိုင်း-၁)ကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ ခုနစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ခြောက်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ (အပေါ်ပုံ)

ရှေးဦးစွာ အင်ဂျင်နီယာချုပ်(အဆောက်အအုံ) ဦးဝင်းမောင်က ပုသိမ်- မုံရွာလမ်း (အပိုင်း-၁) မိုင်တိုင်အမှတ် (၃၃/၂)မှ (၁၇၉/၆)အထိ ၁၄၆ မိုင်၊ ၄ ဖာလုံအား ကတ္တရာလမ်းအဆင့်သို့ တိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ စီမံကိန်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ခုနစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ခြောက်ဖွဲ့ စုစုပေါင်းအဖွဲ့ ၁၆ဖွဲ့တို့ဖြင့် လုပ်ငန်းတာဝန် ခွဲဝေဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းစီမံချက်နှင့်ပြီးစီးမှု၊ ပစ္စည်းစုဆောင်းမှု၊ စက်/ယာဉ်ယန္တရားရောက်ရှိမှု၊ ကျောက်မိုင်းနှင့် ကျောက်ခွဲစက်ကြီးများတည်နေရာ၊ ကျောက်ကွင်းနေရာများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) လမ်းသုတေသန ဦးစီးဌာနမှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က ပုသိမ် - မုံရွာလမ်း (အပိုင်း-၁)ကတ္တရာလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းအား သတ်မှတ် Design အတိုင်း လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဖွဲ့ ၁၆ဖွဲ့အား တာဝန်ပေးအပ်ထားသည့်အတိုင်း မိမိလုပ်ငန်းအပေါ် စေတနာထားပြီး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ကျောက်တံတား၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်များရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီက ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကေရီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာ စကားပြောကြားပြီး ပန်းဘဲတန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဒဂုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။

အဆိုပါသင်တန်းသို့ ကျောက်တံတား၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်တို့မှ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၄၃ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေး၌ဖွင့် စာအုပ်စာစောင်နှင့် ရေဒီယိုလှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တို(တ)ကျေးရွာ မြတ်သုတကျေးရွာစာကြည့်တိုက်၏ အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ဘုရားငုတ္တို (တ)ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက စာအုပ်စာစောင်မျိုးစုံနှင့် ရပ်မိရပ်ဖ ဦးမြင့်စိုးက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးလှူဒါန်းကြသည်။ စာကြည့်တိုက်မှာ အလျားပေ၂၀၊ အနံ ပေ၂၀ရှိ သွပ်မိုး၊ အုတ်ကာဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ဇွန် ၂၁ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၇နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ရုံးမျက်နှာစာ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်တက်ရောက်၍ အထိမ်းအမှတ်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ကြည့်ရှုအားပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ကြီး ဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ နွယ်သာကီ၊ တည်င်း၊ ကင်ပွန်းချဉ်၊ ဒန့်သလွန်၊ သရက်၊ ပိတောက်၊ ငုဝါ၊ ရေတမာ၊ ပိန္နဲ၊ ငှက်ပျော၊ ရွက်လှ၊ ကျူဘားအုန်း၊ စိန်ပန်းပြာ၊ အုန်းမွှာပင်၊ ပုဏ္ဏရိက်၊ ပွင့်တူရွက်တူ၊ သပြေ၊ ယုဇန၊ စွယ်တော်၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်းကြီးနှင့် စိန်ပန်းပုစသည့် ပျိုးပင်ပေါင်း ၄၀၉၅ပင်ကို စိုက်ပျိုးခဲ့ကြသည်။ **(သတင်းစဉ်)**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပေါင်းတည်မြို့နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပေါင်းတည်မြို့နယ်၏ ၂၀၁၀ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အမှတ်(၉၃)သစ်စက်ဝင်းအတွင်း၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပုမ်ဇဂင့်က သစ်ပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပေါင်းတည်မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၃၀၀ခန့် တက်ရောက်ကြပြီး ကျွန်း၊ ပိတောက်၊ ယမနေ၊ ပျဉ်းမ၊ ယူကလစ် အစရှိသည့် အပင်ပေါင်း၈၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကြို့ပင်ကောက်၌ဆောင်ရွက်

ကြို့ပင်ကောက် ဇူလိုင် ၄

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် နွယ်ခွေရပ်ကွက် ခြံသာယာလမ်းများတွင် ဇွန် ၁၈ရက် နံနက် ၈နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ် မြို့ပေါ် ၁၀ရပ်ကွက်တွင် ရေအိုး၊ ရေကန်၊ ရေခွက်၊ ပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ကာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(၁၈၀)**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၄

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၅)၌ မြန်မာသင်္ဘောသား လူစွန့်စားများ၊ ဗြိတိန်နိုင်ငံသားလေးဦးအားကယ်တင်ပေးခဲ့သော မြန်မာသင်္ဘောသားများကို လူသားချင်းစာနာထောက်ထားမှု အသိအမှတ်ပြု တံဆိပ်ပေးအပ်၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးမှ ဆိုင်ခန်းများတွင် ကိုယ်ပိုင်မီတာတပ်ဆင်ခွင့် လုံးဝခွင့်မပြုတော့၊ ရုပ်ရှင်ရုံသုံးရုံပါ ရတနာပုံဒိုင်းမွန်းပလာဇာ သတ်မှတ်ကာလထက်စောပြီးမည်၊ ဆေးဖက်ဝင် ဝံအူအနက်ပင်မှ ကမ္ဘာပေါ်တွင်မတွေ့ရသေးသော ဇီဝအစွမ်းထက် ဒြပ်ပေါင်းအသစ်တစ်မျိုး ဖော်ထုတ်နိုင်ခဲ့၊ ကာလပေါက်ဈေးထက်လျှော့၍ အာမခံထားသော မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းရာတွင် ပြင်ဆင်ကုန်ကျစရိတ်အတိုင်း ရမည်မဟုတ်၊ သဘာဝဘေးအန္တရာယ်များကြောင့် ရေချိုရှားပါးမှုမရှိစေရန် ဧရာဝတီတိုင်းတွင် သောက်ရေကန် ၅၀ တူးဖော်ပေးမည်၊ ဂျပန်မှကားဆက်စပ်ပစ္စည်းများနှင့် နည်းပညာအား အသုံးပြုထားသော ပြည်တွင်းထုတ် ရှမ္မာမော်တော်ယာဉ်ရောင်းချ၊ အာဆီယံနိုင်ငံများသို့ ဈေးသက်သာစွာဖြင့် သွားရောက်လည်ပတ်နိုင်ပြီ၊ ယခုနှစ်သည် လာနီညာနှစ်ဖြစ်ရန် သေချာသလောက်ဖြစ်နေ၊ အရောင်ပါကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အရောင်းဆိုင်များကို အရေးယူသွားမည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ၆၃၅၂၇၅၅ ဒေသသို့ ရောက်ခဲ့ရာဝယ် Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ပြောရေးဆိုခွင့်ရှိသူနှင့် တွေ့ဆုံခြင်း၊ Political Column၊ မလေးရှားသို့သွားရောက် အလုပ်လုပ်ကြသူများ၊ တုတ်ကောက်လေးတွေ လိုသည် ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ယဉ်ကျေးမှုဆိုတာ မယုံနိုင်ဖွယ်ရာကောင်းလောက်အောင် အပြုသဘောဆောင်တဲ့ စိတ်ပိုင်းဆိုင်ရာ အပြုအမူဖြစ်တယ် ယူနက်စကိုအကြီးအကဲ အီရီနာဘိုကိုဗာနှင့် STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါး၊ လာရီကင်း၏ CNN တော့ပ်ရှိုး အဆုံးသတ်တော့မည်၊ မြောက်ကိုရီးယားသူလျှိုနှစ်ဦးအား တောင်ကိုရီးယားတရားရုံးမှ ထောင်ဒဏ် ၁၅နှစ် ပြစ်ဒဏ်ချမှတ်ရှိ၊ တိုင်းစကွဲယားဗုံးဖောက်ခွဲရန်ကြံစည်သူက အပြစ်အတွက် လျှောက်လဲချက် ၁၀၀ပေးမည်၊ အာဖဂန်တွင် တပ်မှူးနေရာ အစားထိုးခန့်အပ်မှု မူဝါဒနှင့်ပတ်သက်၍ အလုံးစုံမွမ်းမံပြင်ဆင်ရန်လိုအပ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအလယ်ပိုင်း၌ ကျောက်ခေတ်လယ် ယဉ်ကျေးမှုထွန်းကားခဲ့ ပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ်သုတေသနပြုတွေ့ရှိ

မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများဖြစ်

နေပြည်တော် ဇူလိုင် ၄

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဦးချစ်စံဝင်းနှင့် ဦးကျော်ငြိမ်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ သုတေသီပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၈ခုနှစ် ဇွန်လမှစ၍ ဦးစီးဌာနအလိုက် စာတမ်းဖတ်ပွဲများကို ခိုင်မာသည့် ရည်ရွယ်ချက်များ ချမှတ် ကျင်းပပေးခဲ့ရာ ယခု စာတမ်းဖတ်ပွဲသည် (၁၇)ကြိမ်မြောက် ဖြစ်သကဲ့သို့ ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၏ ဆဋ္ဌမအကြိမ်မြောက် စာတမ်းဖတ်ပွဲလည်းဖြစ်ကြောင်း။

ရှာဖွေလေ့လာ

နိုင်ငံတကာ ပရိုင်းမိတ် ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းကွင်းဆင်း သုတေသနပြုမှုများက ‘‘ မြန်မာအစ မြန်မာက ’’ ဆိုသည်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပုံတောင်ကျောက်လွှာတွင် တွေ့ရှိခဲ့သည့် ပုံတောင်ဂျီးယားစ် ပရိုင်းမိတ်များ၏ လိုအပ်နေသေးသော ဦးခေါင်းနှင့် အခြားအစိတ်အပိုင်းများကို ပိုပြီး ပြည့်ပြည့်စုံစုံရရှိအောင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နှစ်စဉ်ဆက်လက် ရှာဖွေလေ့လာသုတေသနပြုလျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ်မှစ၍ ကျောက်ခေတ်လယ် သုတေသနလုပ်ငန်းကို စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း၌ ကျောက်ခေတ်လယ်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်းကို အထောက်အထားများဖြင့်တွေ့ရှိခဲ့ပြီး သုတေသနစာတမ်းသုံးစောင်လည်း ဖတ်ကြားခဲ့ပြီးဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်နှင့် သံခေတ် ယဉ်ကျေးမှု အထောက်အထားများကို လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း သုတေသနပြုတွေ့ရှိခဲ့ပြီး ဖြစ်သကဲ့သို့ ဆက်လက်၍လည်း နှစ်စဉ်လေ့လာ သုတေသနပြုနေကြောင်း၊ ပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ်သုတေသနပြုတွေ့ရှိချက်များမှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့်အဖိုးတန် အထောက်အထားများ ဖြစ်ကြောင်း။

ထုတ်ဖော်တင်ပြ

လူသားမျိုးနွယ်အစ ဖြစ်တည် ထွန်းကားလာမှုမှစပြီး သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာကာလ၊ ထိုမှတစ်ဆင့် ယနေ့ခေတ်ကာလအထိ မြန်မာ့သမိုင်းကြောင်းကို ခေတ်စဉ်အတိုင်း လေ့လာသုတေသနပြုနိုင်ခြင်းအားဖြင့် မြန်မာလူမျိုးများသည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားရှင်သန် လှည့်လည်နေထိုင်ခဲ့ကြသည့် မြန်မာတို့၏ ဇာစ်မြစ်၊ မြန်မာတို့၏ ဇာတိနှင့်အတူ မြန်မာ့ ယဉ်ကျေးမှုသမိုင်း ခိုင်မာမှုကို ထုတ်ဖော် တင်ပြနိုင်ခဲ့သည့်အတွက် အလွန်အရေးပါလှကြောင်း။

သုံးသပ်ဆင်ခြင်

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများကို ကျင်းပရခြင်းမှာ ရှေးဟောင်း သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များ အပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရန် ဖြစ်ကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူထားရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဦးချစ်စံဝင်းနှင့် ဦးကျော်ငြိမ်းတို့က အလှည့်ကျ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ဖတ်ကြားတင်သွင်း

စာတမ်းဖတ်ပွဲတွင် ပြည်ပပညာရှင် Dr.Elizabeth Moore က "Classifying Thagara and Dawei Ancient Cultural Regions " စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က ‘‘ပင်လယ်မြို့ဟောင်း၏ပျူခေတ်ဆိုင်ရာအထောက်အထားများ လေ့လာချက် ’’စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီး ဦးသိန်းလွင်က ‘‘ ဗိဿနိုးမြို့ဟောင်း တူးဖော်မှု ၂၀၀၉နှင့် ထူးခြားသောတွေ့ရှိချက်များ ’’ စာတမ်းကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းထွန်းက ‘‘ အမျိုးသား စာကြည့်တိုက်နှင့် အမျိုးသားပြတိုက်တို့ရှိ စာပေနှင့်ပြသပစ္စည်း အထောက်အထားများမှ ပျူခေတ်စာပေနှင့် အနုပညာလက်ရာပစ္စည်းများလေ့လာချက် ’’ စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသော ပညာရှင်များ၊ ဧည့်သည်တော်များ၊ သုတေသီများ၏ ဆွေးနွေးအကြံပြု မေးမြန်းကြသည်တို့ကို စာတမ်းရှင်များက ပြန်လည် ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးဦးခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ညနေ ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇူလိုင် ၄

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန် ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင် ၁၁ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ၂၀၁၀ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

IEMS Company Limited သည် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင်၂၄ရက်မှ၂၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

မေးမြန်းဆက်သွယ်နိုင်

ပြပွဲတွင် Shine Construction Co., Ltd. မှ အိမ်ရာပုံစံ အရောင်းပြခန်းများ၊ Champion Construction Material နှင့် Tiger Supply တို့မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ SOSUCO Tile မှ COTTO တံဆိပ် ကြွေပြားကျောက်ပြားများ၊ SANFOCO၊ Myanmar May Kaung၊ Scene Living၊Universal Light၊Unitek၊ Ocean Glory/Gold Coil နှင့် Gold Home Familyတို့မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂအမျိုးမျိုး၊ StarTek မှ ပရိဘောဂအရောင်တင်ဆေးအမျိုးမျိုး၊ Southern Ocean၊ Modern Tech (Deco Land)၊ နှင့် Aluminium Empire တို့မှ Aluminium Composite Panel များနှင့် ကြမ်းခင်းအမျိုးမျိုး၊ Tharaphec၊ Maruart နှင့် Home Distribution Group တို့မှ Korea Liminate Floor နှင့် Materials ပစ္စည်းအမျိုးမျိုး၊ Royal Tun မှ Sky Digital တံဆိပ် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ SMART Electronic Dictionary မှ အီလက်ထရွန်နစ်အဘိဓာန်များ၊ King Empire၊ KMD နှင့် MRS တို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ SP Group မှ Air Pure တံဆိပ် အဆင့်မြင့် Automatic Air Fresher များ၊ Golden Rose Industry မှ Modern Steel Structure များ၊ Future Step မှ Midea အမှတ်တံဆိပ် Induction cooker များ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် Induction cooker နှင့် ခြင်ဖမ်းစက်များ၊ Life Line Co., Ltd. မှ ဒီဂျစ်တယ်သွေးပေါင်ချိန်စက်များ၊ The One (PE Tank) မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီများ၊ Golden Lion Wire မှ အဆင့်မြင့် Cableကြိုးနှင့် Online UPS များ၊ I.E.M မှ Khooler မီးစက်များနှင့် LiOA တံဆိပ် အီလက်ထရွန်နစ် ပစ္စည်းများ၊ Ever Seiko မှ Denyo တံဆိပ် မီးစက်များနှင့် Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူ ရေအေးစက်များ၊ Myat Kan Moe Enterprise Ltd. မှ T & J၊ CLIPSAL တံဆိပ် Switch နှင့် Socket/Merlin Gerin တံဆိပ် Breaker များ၊ Telemecanique တံဆိပ် contactor & Over Load Relay များ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove များ၊ Yangon City Guide မှ လမ်းညွှန်မြေပုံစာအုပ်များ၊ MNZ တံဆိပ် နောက်ဆုံးပေါ် ငွေရေစက်များ၊ Linpo မှ အုတ်ကြွပ်အမိုးပြားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် နေ့စဉ် အဝတ်လျှော်စက် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၅၈စသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၈။ ကျိုင်းတုံလေယာဉ်ပြေးလမ်း
၈:၂၅ ၉။ အဆိုပြိုင်ပွဲ
၈:၃၅ ၁၀။ **စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်**
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၂၅ ၄။ **ငါးရစ်မျိုးငါးဒို့မစား**
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ တေးဂီတအစီအစဉ်
၅:၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၉။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၁)
၅:၃၀ ၁၀။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ **ဆိုကြမယ် ပျော်ကြမယ်**
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၃၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ပြည်ထောင်စုခရီးရှည်** ရာဇဝင်းတင့် သက်မှူးဟေသီ၊ (တေးရေး- မောင်မောင်ဇော်ဝင်း)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယပိုင်း) (အပိုင်း-၆)
၂၀။ **သုခုမရင်ပြင်**
၂၁။ အစီအစဉ်ပြီး၏။

* ရှေ့ဖုံးမှ

ထို့နောက် တာဝန်ရှိသူတို့က စုပေါင်းထွန်ယက် စိုက်ပျိုးမည့် လယ်ယာမြေဧကနှင့် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ စုပေါင်းထွန်ယက် စိုက်ပျိုးနေကြသည့် ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဖြည့်ဆည်းပေး

ယင်းနောက် မြစ်ကြီးနား-တနိုင်း လမ်းပိုင်းရှိ လမ်းတံတားများကြံ့ခိုင်ကောင်းမွန်မှု၊ မိုးစပါးထွန်ယက် စိုက်ပျိုးနေမှု၊ လမ်းဘေးဝဲယာတစ်လျှောက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဖားကန့်မြို့နယ် ရှဒူဇွပ်ကျေးရွာ၌ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်း ကားလမ်းဘေး ဝဲယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသည့် ပီလောပီနံ စိုက်ခင်းများ၊ စိုက်ပျိုးရေးအခြေခံစက်ရုံများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်မရှင်းလင်းဆောင်၌ ယုဇနဘက်စုံစိုက်ပျိုးရေး ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာနှင့် တာဝန်ရှိသူများက စိုက်ပျိုးဖြစ်ထွန်းနေသည့် ပီလောပီနံပင် နမူနာများနှင့် စပါးမျိုးကောင်းမျိုးသန့်များကို ဒေသမျိုးဖြင့် ပေါင်းစပ် စမ်းသပ်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပီလောပီနံကော်မှုန့် ထုတ်စက်ရုံ၌ ပီလောပီနံကြိတ်စက်၊ Hydrocyclone Room၊ Control Room၊ Exetractor Room၊ ကော်မှုန့်အခြောက်ခံစက်၊ ထုပ်ပိုးစက်များ တပ်ဆင်နေမှုနှင့် စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား Power House တည်ဆောက်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဖားကန့်မြို့နယ် နောင်းမီးကျေးရွာအနီးရှိ ပီလောပီနံစိုက်ခင်းမှ ပီလောပီနံဥများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ ပီလောပီနံ၊ ကြံနှင့် အခြားသီးနှံစိုက်ပျိုးပြီးစီးမှု၊ လမ်းများ၊ ဈေး၊ (၁၆)ခုတင်ဆံ့ဆေးရုံနှင့် စာသင်ကျောင်းတို့ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ယင်းနောက် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကုံကော်ဆောင် တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးမှု အခြေအနေတို့ကို ရင်းရင်းနှီးနှီး မေးမြန်းဖြည့်ဆည်းပေးကာ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ ဒွန်ဘန်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အခြေခံအိမ်တွင်းမှု သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်းတို့၌ ဒေသခံ တိုင်းရင်းသူများ တက်ရောက်သင်ကြားနေမှုနှင့် သင်တန်းသူများ ထုတ်လုပ်ထားသည့် လက်မှုပညာ ပစ္စည်းများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဆရာ ဆရာမများနှင့် သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်၍ သင်တန်းသူတစ်ဦးက အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထောက်ပံ့

ထို့နောက် မြစ်ကြီးနား-တနိုင်း လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ဖားကန့်မြို့နယ် လဝါးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မေးမြန်းဖြည့်ဆည်းပေးပြီး ကျေးလက် ကျန်းမာရေးဌာနအတွင်း ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့်လုပ်ကိုင်

ဝန်ထမ်းများ အဂတိတရားကင်းအောင်ထိန်းသိမ်း

နေပြည်တော် ဇူလိုင် ၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်နှင့် ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ လေ့ကျင့်ရေးကျောင်းအုပ်ကြီးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဦးမောင်ဦးက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်တွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဟူ၍ရှိသည့်အနက် အုပ်ချုပ်ရေးတာဝန်ကို ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ရှိသည့် ဌာနကြီး ငါးခုလုံးက ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် တရားဥပဒေနှင့်အညီ နေထိုင်နိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်နေရသည်ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

ယနေ့အခြေအနေတွင် လုပ်ငန်းအသိ၊ တာဝန်အသိ၊ ဥပဒေအသိနှင့်ယှဉ်၍ လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့် လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ အဂတိတရားကင်းအောင် လောဘ၊ ဒေါသ၊ မောဟကို ထိန်းသိမ်းပြီး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့တပ်ဖွဲ့ဝင် မိသားစုများကိုပါ ထိန်းသိမ်းကြပ်မတ်ပြီး ပျော်ပျော်ရွှင်ရွှင်၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း၊ ပေါင်းပေါင်းစည်းစည်း လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ရှေ့ဖုံးမှ

ကောက်စိုက်သမလေးများ ကလည်း အစုလိုက် အဖွဲ့လိုက် စိုက်နေကြသည်ကို မြင်ရသည်မှာ အားရစရာပင်....။ စိမ်းစိမ်းစိုစို မိုးစပါးပင်များ၊ ရော်ဘာပင်များကို ဖြတ်သန်းတိုက်ခတ်လာသော စပါးနံ့သင်းသင်း လေနုအေးက စိတ်ကို ကြည်နူးစရာဖြစ်ရသည်။ ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီဖြင့် ပီပြင်ထင်ရှားသော ပုံရိပ်များပင်။

မော်တော်ယာဉ်ဖြင့် တစ်နာရီ ကျော်ကျော်ခန့်တွင် ပုသိမ်ခရိုင်အတွင်းရှိ ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်အကြား ဆက်စပ်ပေးထားသည့် ဒါးကမြစ်သို့ ရောက်ခဲ့ကြသည်။ သတင်းခရီးသည်တို့ အံ့ဩမိကြရသည်။ မြင်ရသည့်မြင်ကွင်းမှာ ဒါးကမြစ်အတွင်း ရေတက်ရေကျတွင် စုန်ချီဆန်ချီ လိုက်ပါလျက် ပျော်မြူးနေကြသော ဗေဒါပင်အုပ်စုကြီးများ မြစ်အတွင်း ဗေဒါပင်များက မြစ်ရေပြင် အပြည့်နီးပါး အခန့်သား နေရာရထားကြသူများပမာ။

နှောင့်ယှက်ဟန့်တား

နိုင်ငံတော်၏ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေး၊ ခရီးလမ်းပန်းလုံခြုံချောမွေ့စေရေးတို့အတွက် ၄င်း ဗေဒါပင်အမှိုက်များက နှောင့်ယှက်ဟန့်တားလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။ သဘာဝအရ ပေါက်ရောက်ဖြစ်ထွန်းနေတတ်သည့် ဗေဒါပင်များဖြစ်သော်လည်း လူတို့ ဆင်ခြင်တုံတရားကင်းမဲ့မှုကြောင့် ယခုကဲ့သို့ ရေကြောင်းခရီး သွားလာရေးတွင် အတားအဆီးသဖွယ် ဖြစ်ပေါ်နေခြင်းပင်....။

အချိန်နှင့်တစ်ပြေးညီ

ဗေဒါပင်များ ရှင်းလင်းရာတွင် လုပ်ငန်းဆောင်ရွက်မှု အနီးကပ်ကြီးကြပ်ဆောင်ရွက်မည့် ခရိုင်ဥက္ကဋ္ဌအား တွေ့ဆုံမေးမြန်းရာတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ပေးမည့် ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ထားရှိပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ လူမှုရေးအဖွဲ့ဝင်များ၊ NGO များ စုစုပေါင်း အင်အား ၅၀၀ကျော်ဖြင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေ့ကင်း ညကင်းများ ထားရှိ၍ ရေတက်ရေကျချိန်ကို သတ်မှတ်၍ အချိန်နှင့်တစ်ပြေးညီ အထူးဂရုစိုက် ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားကြောင်း မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဒါးကမြစ်အတွင်း ဗေဒါရှင်းလင်းရေးလုပ်ငန်းကို ဤသို့ စီစဉ်ဆောင်ရွက်ကြသည်။

ဗေဒါပင်များ လျင်မြန်စွာ တိုးပွားလာရခြင်းမှာ ဒါးကမြစ်ဘေး ဝဲယာတို့တွင် ငါးမွေးမြူကြသော လုပ်ငန်းရှင်များက မြစ်အတွင်းမှ ဗေဒါပင်များအား ဗေဒါတားဖောများဖြင့် ငါးများအတွက် တားဆီးထားရာမှ တစ်အုပ်တစ်မ ပွားများလာကြပြီး မြစ်အတွင်း ပြည့်လုမခန်း အင်အားကြီးထွားလာခြင်းပင် ဖြစ်သည်။ တစ်ဦးတည်း အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေ့တန်းတင်ခြင်းကြောင့်ဖြစ်ပြီး တာဝန်သိစွာ ရှင်းလင်းမှုများ မပြုလုပ်ကြသဖြင့် ယခုကဲ့သို့ စနစ်တကျ ရှင်းလင်းရေးအတွက် စီစဉ်နေခြင်းပင်ဖြစ်သည်။

ကြည်နူးဖွယ်မြင်ကွင်း

တာဝန်ရှိသူများက ရှင်းပြသည်မှာ ဗေဒါပင်များရှင်းလင်းပြီးပါက နောက်နောင် မဖြစ်ပွားရန် မြစ်၊ ချောင်း၊ အင်းအိုင်ဥပဒေများအရ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိခဲ့ရသည်။ တာဝန်ရှိသူများက ပြည်သူတို့ အကျိုးစီးပွားအတွက် အခက်အခဲ အဟန့်အတား မရှိစေရန် ယခုကဲ့သို့ လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးနေသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ် မြင်ကွင်းအဖြစ် မှတ်တမ်းတင် ဖော်ပြလိုက်ရပါကြောင်း။ ။ (မြန်မာ့အလင်း)

သက်ဆိုင်ရာ တာဝန်ရှိသူများ မြေပုံများနှင့် မြစ်ကြောင်းထိုး ဆောင်ရွက်စဉ်။

မျိုးမင်းထွန်း၏ သွင်းဂိုးများဖြင့် မြန်မာအသင်းအနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း – ဖိုးသော်ဇင် | စာမျက်နှာဖွဲ့စည်းမှု – မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၄

မြန်မာ-စင်ကာပူ ချစ်ကြည်ရေးခြေစမ်းပွဲကို ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူ Asian Games အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

မြန်မာ့လက်ရွေးစင် - နှစ်ဂိုး

စင်ကာပူလူငယ် - တစ်ဂိုး

အချိတ်အဆက်မိမိ

အာရှ အားကစားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ စင်ကာပူလက်ရွေးစင် နည်းပြ အောဘရာမိုဗစ် ကိုင်တွယ်လာတဲ့ စင်ကာပူလူငယ်အသင်းဟာ ခြေစမ်းပွဲတွေမှာ ရလဒ်မကောင်းခဲ့ပါဘူး။ ဒီမှာလာရောက်ခြေစမ်းပွဲ မကစားမီ မလေးရှားလူငယ်အသင်းနဲ့ကစားရာ အနိုင်ရခဲ့တဲ့ စင်ကာပူလူငယ်အသင်းဟာ ပထမပွဲမှာ မြန်မာလူငယ် ယူ-၂၃အသင်းကိုရော မြန်မာ့လက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးတွေနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ပထမပွဲမှာ မြန်မာယူ- ၂၃ အသင်း အနိုင်ရထားလို့ မြန်မာ့လက်ရွေးစင်အသင်းကလည်း အနိုင်ရဖို့ ပွဲစကတည်းက ကြိုးစားခဲ့ပါတယ်။ ယူ-၂၃အသင်းက ရာဇာဝင်းသိန်း၊ ကျော်ကိုကိုတို့ကို ဇော်လင်းထွန်း-၂၊ ရန်ပိုင်၊ လွင်ဦး၊ အောင်ကျော်မိုးတို့နဲ့ တွဲပေးထားတဲ့ မြန်မာ့လက်ရွေးစင်အသင်းဟာ ပွဲအစမှာ အချိတ်အဆက်မိမိနဲ့ ဖိကစားနိုင်ခဲ့ပါတယ်။

ဂိုးစရခဲ့

ပွဲအစ သုံးမိနစ်မှာ မြန်မာ့လက်ရွေးစင်အသင်း ဂိုးစရခဲ့ပြီး ကျော်ကိုကို ကန်သွင်းချက် လျှံထွက်လာတာကို မျိုးမင်းထွန်းက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မြန်မာ့လက်ရွေးစင်အသင်း ဖိကစားနိုင်ခဲ့ပေမယ့် ဂိုးတော့ထပ်မသွင်းနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်း ပြန်အစမှာ မြန်မာ့လက်ရွေးစင်အသင်း ကစားအားကျသွားလို့ စင်ကာပူလူငယ်အသင်း ပြန်ဖိနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပထမနေ့ပွဲလောက် တိုက်စစ်ကစားပုံ မကောင်းတာကြောင့် ချေပဂိုးနဲ့ဝေးခဲ့ရပါတယ်။ မိနစ် ၆၀ နောက်ပိုင်းမှာ မြန်မာ့လက်ရွေးစင်အသင်း ကစားကွက်ပြန်မိလာပြီး အဖွင့်ဂိုးသွင်းယူခဲ့သူ မျိုးမင်းထွန်းက မိနစ် ၇၀မှာ ရန်ပိုင်ပေးတာက တစ်ဆင့် ဒုတိယဂိုး ထပ်သွင်းခဲ့ပါတယ်။ စင်ကာပူလူငယ်အသင်းအတွက် နှစ်သိမ့်ချေပဂိုးကိုတော့ နာကျင်အချိန်ပိုမှာ နံပါတ် ၃ မိုဟာမက်ခါလီလီက သွင်းယူပေးခဲ့ပါတယ်။ မိုဟာမက်ခါလီလီဟာ ပထမနေ့ပွဲတုန်းကလည်း စင်ကာပူလူငယ်အသင်းအတွက် တစ်လုံးတည်းသော ဂိုးကို သွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။

သူတို့ပါဝင်ကစား

မြန်မာ့လက်ရွေးစင်အသင်းမှာ **ဂိုး**-ညီညီလွင် (ကျော်ဇင်ထက်)၊ **နောက်တန်း**-မင်းသူ(ခင်မောင်ထွန်း)၊ ဇော်လင်းထွန်း-၂၊ ကျော်ခိုင်ဝင်း၊ ခင်မောင်လွင်၊ **အလယ်တန်း**-အောင်ကျော်မိုး (ဝင်းမင်းထွဋ်)၊ လွင်ဦး(အေးဆန်း)၊ ကျော်ကိုကို (ကျော်သူရ)၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ **ရှေ့တန်း**-ရန်ပိုင် (နိုင်ဦးလွင်) တို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင်အသင်းမှ လွင်ဦး၏ ထိုးဖောက်မှုကို စင်ကာပူ နောက်ခံလူ ဖျက်ထုတ်နေစဉ်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်များကဏ္ဍ

ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ၏ အခန်း(၂) ပုဒ်မ(၃)တွင် ကလေးသူငယ်ဥပဒေ၏ရည်ရွယ်ချက်ကို ပြဋ္ဌာန်းထားရှိပါသည်။ ယင်းရည်ရွယ်ချက်များအနက် ပုဒ်မ၃၏ အပိုဒ်ခွဲ (က) (ခ) (ဂ) တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ကလေးသူငယ်၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဂ) ကလေးသူငယ်များသည် ယင်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်။

ကလေးသူငယ်များ၏ အကျိုးစီးပွားဆိုင်ရာနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာကို ယင်းဥပဒေပုဒ်မ ၃၏ အပိုဒ်ခွဲ(ဃ) (င) (စ) တို့တွင် ပြဋ္ဌာန်းထားရှိသည်။

ကလေးသူငယ်ဆိုသည်မှာ အသက်(၁၆)နှစ် မပြည့်သေးသူဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၅/၀၅)၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အခန်း(၁) ပုဒ်မ ၃ (ည)တွင် ပြဋ္ဌာန်းထားရှိပြီး ယင်းဥပဒေပုဒ်မ ၃ (ဋ)တွင် အသက်(၁၆)နှစ် ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသူကို လူငယ်အဖြစ် သတ်မှတ် ထားရှိပါသည်။ ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၂(က) (ခ)တွင်လည်း ကလေးသူငယ်နှင့် လူငယ်ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အထက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်။

ထို့ကြောင့် ကလေးသူငယ်ဆိုရာ၌ အသက်(၁၆)နှစ်မပြည့်သေးသူ၊ လူငယ်ဆိုရာ၌ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသော လူသားတိုင်းကို ဆိုလိုပါသည်။ ကျား၊ မ ခွဲခြားထားခြင်းမရှိပါ။ ထို့ကြောင့် ကလေးသူငယ်ဆိုရာတွင် လည်းကောင်း၊ လူငယ်ဆိုရာတွင် လည်းကောင်း ယောကျ်ားကလေးနှင့် မိန်းကလေးနှစ်ဦးစလုံး ပါဝင်ပါသည်။

ယနေ့ နေရာဒေသအနှံ့တွင် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်ကလေးများ၏ ဝန်ဆောင်မှုလုပ်ငန်းများက ရှေ့တန်းမှ နေရာယူထားသည်ကို တွေ့ရှိနိုင်ပေသည်။ ကလေးသူငယ်များ၊ လူငယ်များ၏ ဝန်ဆောင်မှုသည် စားသောက်ဆိုင်များ၊ ဘီယာစတေရှင်များ၊ အဖျော်ယမကာဆိုင်များ၊ စင်တင်တေးဂီတလုပ်ငန်း၊ ကာရာအိုကေလုပ်ငန်းများတွင် မရှိမဖြစ်။ မည်သည့်အကြောင်းကြောင့် ဖော်ပြပါစီးပွားရေးလုပ်ငန်းများ၌ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များ၏လုပ်အား တစ်နည်းဆိုသော် ဝန်ဆောင်မှုသည် ရှေ့ဆုံးမှနေရာယူလာရပါသနည်း။

ဦးချမ်းမြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၅ခုနှစ်၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့ (၁၉၆၅ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၅၀)၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ (၄၅-၄၇)တွင် အောက်ပါအတိုင်း သတိပေးထားရှိသည်-

'ပြည်ထောင်စုသားအပေါင်းသည် လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြမည့် သာယာဝပြောသော လောကသစ်ကြီးကို အဘက်ဘက်မှ ထူထောင်တည်ဆောက်လျက်ရှိကြရာ ကလေးများ၏ ဘဝလုံခြုံမှုသည်လည်း ထိုသာယာဝပြောသော ဘဝသစ်၏ အရေးကြီးသော လက္ခဏာတစ်ရပ်ဖြစ်သည်ကို မပြတ်သတိပြုရမည်' ဟူ၍ လမ်းညွှန်ထားရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် ၅/၂၀၀၅ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြဋ္ဌာန်းဥပဒေ Statute Law ဖြစ်၍ အခြားဥပဒေများအပေါ် လွှမ်းမိုးပါသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေ (ယခင်ရာဇသတ်ကြီး)အပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေက လွှမ်းမိုးပါသည်။ ရာဇသတ်ကြီး(ပြစ်မှု)အရ အရေးယူရမည့်ပြစ်မှု ဖြစ်စေကာမူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအတွင်း သက်ရောက်သော မှုခင်းကိစ္စရပ်များကို ပြစ်မှုဆိုင်ရာဥပဒေအရ စီရင်ပိုင်ခွင့် ရှိမည်မဟုတ်ပါ။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ (၂)ပါ ပြဋ္ဌာန်းချက်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရသာ စီရင်ပိုင်ခွင့်ရှိစေရမည် ဖြစ်ပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်ကို ယင်းဥပဒေပုဒ်မ ၄တွင် အပိုဒ်(က)မှ (ဃ)အထိ ပြဋ္ဌာန်းထားရှိသည့်အနက် အပိုဒ်(က)နှင့် (ခ)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်။

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်တို့ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအမှူးပြုသော နိုင်ငံတော်အစိုးရသည် လူကုန်ကူးမှုကို တိုက်ဖျက်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်း ဖြစ်သဖြင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် ယင်းဥပဒေပြဋ္ဌာန်းထားရှိသည့် ရည်ရွယ်ချက်ကို မျက်ခြည်မပြတ်သင့်ပေ။

ဖော်ပြခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်နှင့် နိုင်ငံတော်အစိုးရ၏မူဝါဒများကို နှလုံးသွင်းကာ ယနေ့ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တစေ့တစောင်း သုံးသပ်ကြည့်ရှုရမည် ဖြစ်ပါသည်။

စားသောက်ဆိုင်များ၊ အဖျော်ယမကာနှင့် စင်တင်တေးဂီတ၊ ကာရာအိုကေသီဆိုဖြေဖျော်ရာ၊ မှောင်တစ်ချက်၊ လင်းတစ်ချက်ဖြင့် တမင်ဖန်တီးထားသောဇာတ်ခုံတွင် ဒူးဖော် ပေါင်ဖော်ဝတ်ဆင်၍ အမျိုးသမီးငယ်ကလေးများက ဟန်ပန်အမူအရာအမျိုးမျိုးဖြင့် ဖျော်ဖြေသည့်လုပ်ငန်းဖြင့် ဝန်ဆောင်မှုပေးနေကြသည်။ အသုံးတော်ခံနေကြသည်။ ဖျော်ဖြေနေကြသည်။ သီချင်းတစ်ပုဒ်ပြီးလျှင် ပန်းကုံးစွပ်ကြသည်။ ပန်းကုံးက ရိုးရိုးမဟုတ် ငွေကြေးတန်ဖိုးပါသည်။ ထိုပန်းကုံးတွင် ကာယကံရှင်သီချင်းဆိုသူနှင့် ပိုင်ရှင်တို့က သဘောတူသတ်မှတ်ချက်အပေါ် အချိုးကျ ခွဲဝေယူကြသည်။ ထိုထက်ပို၍ သဘောတူညီချက်များလည်း ရှိကောင်းရှိကြပေလိမ့်မည်။ အသံနှင့်ကိုယ်အမူအရာကို မပေါ့တပေါ်ဝတ်စားဆင်ယင်မှုတို့ဖြင့် အရင်းအနှီးပြုလုပ်ဖျော်ဖြေရာမှ ကိုယ်ခန္ဓာကို အရင်းအနှီးပြုလုပ်၍ စီးပွားရှာကြသူများလည်း ရှိကောင်းရှိလာနိုင်ပေသည်။

အေးစံ (ရဲဗလ)

အချို့စီးပွားရေးလုပ်ငန်းရှင်များက ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များအပေါ် ကြွေးမြီတင်ရှိထားကြသည်။ ကလေးသူငယ်များက လက်ဗွေနှိပ် လက်မှတ်ထိုးပေးထားသော စာရွက်စာတမ်းများ၊ စာအုပ်များဟု အဆိုပြုကာ ကလေးသူငယ်များအပေါ် ကြွေးမြီတင်ရှိထားကြောင်း အထောက်အထားများ ပြုလုပ်ထားကြပြီး ၎င်းတို့သည် ကလေးသူငယ်များ၏ မြီရှင်ဖြစ်ကြောင်း၊ ကလေးသူငယ်များကို ကြိုတင်လစာငွေပေးပြီး စရိတ်ငြိမ်း ခိုင်းစေသူအလုပ်ရှင်ဖြစ်ကြောင်း၊ အချို့ကလေးသူငယ်ကို စီးပွားရေးလုပ်ငန်းရှင်ထံ လာအပ်သဖြင့် ကလေးအတွက် ကြိုတင်လစာများပင် လာရောက်အပ်နှံသူအား ထုတ်ပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ အချို့လုပ်ငန်းရှင်များက ကလေးသူငယ်များအပေါ် အကြွေးတင်ကြသည်။ကလေးသူငယ်များ၊ လူငယ်များကိုကြွေးမြီဖြင့် နှောင်ဖွဲ့၍အလုပ်ချိန်ကန့်သတ်မှုမရှိဘဲ ခိုင်းစေကြသည်ကိုကြားသိနေရပေသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၏ အပိုဒ်ခွဲ(က)တွင် လူကုန်ကူးမှုဆိုသည်ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားရှိသည်-

(က) **လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **'ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ'** အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည်-

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကို ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

ရှင်းလင်းချက် (၁)။ ခေါင်းပုံဖြတ်ခြင်း ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးကိုသော် လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော် လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ ပြည့်တန်ဆာပြုခြင်း ဆိုသည်မှာ ငွေကြေးအကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနား တစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ်ပေါ်ပေါက်ရန် အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ်ချမှတ် ဆောင်ရွက်ခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၃)။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့်အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

(ခ) **ညစ်ညမ်းသည့်ပုံပြသခြင်း** ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန် အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါ အစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုဆိုသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၀၏ အကျယ်ရှင်းလင်းချက်တွင် လူတစ်ဦးအား ကျွဲနွားတိရစ္ဆာန်ပမာ၊ သက်မဲ့အရာဝတ္ထုတစ်ခုပမာ ပိုင်ဆိုင်အသုံးပြုခြင်းသည် ကျွန်ပြုခြင်းပင်ဖြစ်သည်ဟု ရှင်းလင်းထားရှိသည်။

ကျေးကျွန်ဆိုသည်မှာ 'ကြွေးမြီစသော အကြောင်းတစ်ခုခုကြောင့် သူတစ်ပါးထံတွင် ကျွန်အဖြစ်အခိုင်းအစေခံသူ' ဟု ၂၀၀၈ခုနှစ် ဩဂုတ်လထုတ် မြန်မာအဘိဓာန် စာမျက်နှာ ၂၅တွင် အတိအလင်း အဓိပ္ပာယ်ဖွင့်ဆိုထားရှိသည်။

ထို့ကြောင့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များဖြင့် စီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် လူကုန်ကူးမှု၊ လူအရောင်းအဝယ်ပြုလုပ်မှုများ ကင်းရှင်းခြင်းရှိစေကာမူ အထက်တွင် ဖော်ပြထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်ပါ 'ခေါင်းပုံဖြတ်ခြင်း'၊ 'ငှားရမ်းခြင်း'၊ 'ငှားယူခြင်း' 'ကျေးကျွန်သဖွယ်ခိုင်းစေခြင်း'နှင့် 'ကာမရာဂစိတ်ပေါ်ပေါက်စေရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ ကာမရာဂစိတ်နိုးကြွစေရန်အလို့ငှာ အမူအရာပြုလုပ်ပြသစေခြင်း' စသည့် ပြဋ္ဌာန်းချက်များနှင့်ငြိစွန်း၍ ဖြစ်ပေါ်လာသည့် မှုခင်းပြဿနာများကို အဆုံးအဖြတ်ပြုရာတွင် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးသာဖြစ်သည်ဟု သဘောထားရှိမည်ဆိုပါက နိုင်ငံတော်က အမျိုးသားရေးတာဝန်ဖြင့် ရည်ရွယ်သတ်မှတ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာ ကျရောက်ပေမည်။ အမျိုးသမီးများ၊ ကလေးသူငယ်များ၏အကျိုးကိုလည်း ကျွန်ုပ်တို့သည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ကျေပွန်စွာ ကာကွယ်စောင့်ရှောက်ပေးသည်ဟုဆိုရန် ခဲယဉ်းမည်ဖြစ်သည်။

ကလေးသူငယ်များ၊ လူငယ်များ၏လုပ်အားကို ရယူရန်အတွက် ထိုကလေးသူငယ်များ၊ လူငယ်များ၏ဓာတ်ပုံဖြင့် ရပ်ကွက်အာဏာပိုင်များထံ မိမိ၏အလုပ်သမားအဖြစ် ဧည့်စာရင်းတိုင်ကြားကာ ကလေးသူငယ်များ၊ လူငယ်များကို စုဆောင်းထားရှိပြီး ခိုင်းစေနေကြသည်လည်း ရှိတတ်သည်။ အကယ်၍ ကလေးသူငယ်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြား ဖြစ်ပေါ်လာသည့် မှုခင်းကိစ္စရပ်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ငြိစွန်းသည့် လုပ်အားခ သို့မဟုတ် ဝန်ဆောင်မှုအပေါ် ခေါင်းပုံဖြတ်မှုပါရှိပါက အလုပ်ရှင် အလုပ်သမားကြား ဖြေရှင်းရမည့် ပြဿနာမဟုတ်တော့သည်ကို သတိချပ်သင့်ပေသည်။ ကလေးသူငယ်များနှင့် ပဋိညာဉ်ပြုလုပ်၍ (ကတိစာချုပ်) ချုပ်ဆိုမှုသည်လည်း ပဋိညာဉ်အက်ဥပဒေအရ တရားမဝင်သည်ကို သတိပြုရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၀သည် ကျေးကျွန်စနစ်ကို ဖိုချွင်းရန် ပြဋ္ဌာန်းထားသော ပုဒ်မတစ်ခုဖြစ်ပါသည်။ သို့သော် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၇၀၏ ပြဋ္ဌာန်းချက်အပါအဝင် ကျယ်ပြန့်စွာပြဋ္ဌာန်းထားရှိသော ဥပဒေတစ်ရပ်ဖြစ်သည်။ အကယ်၍ သင်၏အပြုအမူသည်-

(၁) ကလေးသူငယ်များနှင့် လူငယ်များအပေါ် ဝယ်ယူထားသည့် အပြုအမူမျိုး ပေါ်ပေါက်ပါသလား။

(၂) ကလေးသူငယ်များ၏ ကိုယ်ပိုင်အချိန်၌ပင်လျှင် ကလေးသူငယ်များ၏လွတ်လပ်မှုကိုချုပ်ကိုင်ထားခြင်း၊ ဟန့်တားခြင်း၊ ထိန်းချုပ်ခြင်း၊ လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းများ ရှိပါသလား။

(၃) ကလေးသူငယ်များ၊ လူငယ်များ၏စိတ်တွင် စိုးရိမ်ကြောက်လန့်စိတ်များ ပေါ်ပေါက်စေရန် ကြမ်းတမ်းစွာ ဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ညှဉ်းပန်းမှု ရှိပါသလား။

(၄) အလုပ်သမားဟု အမည်ခံခေါ်ဆိုပြီး အလုပ်ချိန်ကန့်သတ်မှုမရှိဘဲ ကျွန်နှင့်မခြား ကလေးသူငယ်အား ခိုင်းစေခြင်း၊ လုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်း ရှိပါသလား။

(၅) ကလေးသူငယ်(သို့မဟုတ်) လူငယ်အား ကျွန်ဖြစ်ဘိသကဲ့သို့ ပြုမူဆက်ဆံခြင်း၊ လူသားတစ်ယောက်၏ စားဝတ်နေရေးကို မပေးဘဲ အခန်းတွင်း ပိတ်လှောင်ထားကာ အလုပ်လုပ်ရမည့်အချိန်ရောက်မှ အခန်းတွင်းမှ ခေါ်ထုတ်ခြင်းတို့ကို ပြုလုပ်မိပါသလား။

(၆) ကာမရာဂကိုနှိုးဆွသည့် အပြုအမူမျိုး ပြုလုပ်စေရန် ညွှန်ကြားမိပါသလား။ (ခိုင်းစေမိပါသလား)

(၇) ကာမယာဂနှိုးဆွသည့် အပြုအမူမျိုးမှရရှိသည့်ငွေကြေးအပေါ်ခွဲဝေယူမိပါသလား။ (သို့တည်းမဟုတ်) ခေါင်းပုံဖြတ်မိပါသလား။

(၈) ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေမှုမျိုးကို ပြုလုပ်မိပါသလား။

ဖော်ပြပါအကြောင်းအရာများကို မပြုလုပ်မိစေရန် အကြံပြုအပ်ပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိသည်-

မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အထက်ပါအကြောင်းများကြောင့် ကလေးသူငယ်များ၊ လူငယ်များ၏ ဝန်ဆောင်မှုဖြင့် စီးပွားရေးရှေ့တန်းရောက်ရှိနေသူများအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်ဥပဒေတို့ကို သိရှိနားလည်ထားသင့်ကြောင်း အကြံပြုအပ်ပါသည်။ မိမိတို့သည် လူကုန်ကူးမှု မပြုလုပ်ကြောင်း၊ လူအရောင်းအဝယ်၊ လူမှောင်ခို မပြုလုပ်ပါ၊ ကင်းရှင်းသည်ဟုဆိုသော်လည်း မိမိ၏အပြုအမူဆောင်ရွက်ချက်သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းမည်ဆိုပါက ဥပဒေကို နားမလည်၍ ခွင့်လွှတ်ပါ။ မိမိသည် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်မရှိပါဟု ထုချေခွင့်မရှိကြောင်း အကြံပြု ရေးသားလိုက်ရပါသတည်း။ ။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်အောင်၌ သစ်ပင်စိုက်ပျိုး

မြန်အောင် ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို မြန်အောင်မြို့ ညောင်မြစ်ဆွဲအုပ်စု ဟသ်ာတ-မြန်အောင် ကားလမ်းဘေး ၀ဲ၊ ယာတွင် ဇူလိုင် ၃ရက် နံနက် ၇နာရီက ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်-၆နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက ယူကလစ်ပင် ၈၀၀၊ ပျဉ်းကတိုးပင် ၁၀၀နှင့် မဟော်ဂနီပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းရုံး(ပုသိမ်)မှ ကြီးမှူး၍ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းမွမ်းမံသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ရက်က ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ကျင်းပရာ သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်ကြသည်။

သင်ကြားပို့ချ

သင်တန်းကို မေ၁၈ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဦးသိန်းဌေး စစ်ဆေးရေးမှူး-၂က ယာဉ်တိုက်မှု ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ယာဉ်မောင်းသူများလက်စွဲပါ စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် လိုက်နာကျင့်သုံးရမည့် စည်းကမ်းချက်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းသင်ကြားပို့ချသည်။

(တိုင်း ကညန)

ကနောင်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

ရန်ကုန် ဇူလိုင် ၄

ကနောင်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် စုပေါင်းအလှူပွဲနှင့် မိတ်ဆုံစားပွဲကို နှစ်စဉ်ကျင်းပမြဲနေရာ၌ ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မိသားစုများသာမက ဒေသခံ အသင်းမဝင်ရသေးသူများပါ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် မိတ်ဆုံစားပွဲနှင့် ကံစမ်းမဲနှိုက်ပွဲများ ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဦးတင်ဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၂၉၂၂၁၃၊ ၀၉-၅၀-၁၅၀၄၉၊ ဦးအောင်ထွန်းကြည်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၂၁၀၂၈၊ ၀၁-၅၈၀၃၆၀နှင့် ဦးချစ်ထွေး (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၈၇၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စပိန်တို့ ပွတ်ကာသီကာ အကြိုဗိုလ်လုပွဲတက်လာ ပါရာဂွေးတို့ ကမ္ဘာ့ဖလားခရီးတစ်ခန်းရပ်ခဲ့

မောင်ချစ်ကြည်-ရေးသားပြီး ဥာဏ်ဖြိုး-စာမျက်နှာဖွဲ့စည်းသည်

ကိတ်ဗ်တောင်း ဇူလိုင် ၄

၂၀၁၀ ကမ္ဘာ့ဖလားကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်အဖြစ် ပါရာဂွေးနှင့် စပိန်တို့ ဇူလိုင် ၄ရက်က ယှဉ်ပြိုင်ကစားရာ စပိန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ တောင်အမေရိကမှ ပါရာဂွေးတို့ ကွာတားအဆင့်ကပင် အိမ်ပြန်ခဲ့ရသည်။

အခင်းအကျင်း

ပါရာဂွေးတို့က တိုက်စစ်တွင် ဗဲလ်ဒက်ဇ်၊ ကာဒိုဇိုတို့ကို ထားကာ ကွင်းလယ်၌ ဆန်တာနာ၊ ရီဗာရော့ဇ်၊ ဗစ်တာ၊ ဘာရက်တိုတို့ကို ဖြန့်ချထားခဲ့သည်။ ၄း၄း၂ အခင်းအကျင်းဖြင့် ပွဲထွက်လာသော ပါရာဂွေးခံစစ်တွင် ဒါဆေးလ်ဗားနှင့် အယ်ကာရက်ဇ်တို့က ဗဟိုခံစစ်မှူးများအဖြစ် တာဝန်ယူခဲ့သည်။ စပိန်တို့က တောရက်စ်ကို အထောင်တိုက်စစ်မှူးထားပြီး နောက်ချန် တိုက်စစ်အဖြစ် အင်နီယေစတာ၊ ဇာဗီ၊ ဗီလာတို့ဖြင့် အနိုင်ရယူရေးစီစဉ်ခဲ့သည်။ စပိန်တို့က ကွင်းလယ်တွင် ဘက်စကွက်နှင့် အလွန်ဆိုတို့ကို အထိုင်ထားကာ ၄း၂း၃း၁ ဗျူဟာဖြင့် ပါရာဂွေးတို့ကို ရင်ဆိုင်ခဲ့သည်။

နစ်နာ

ပွဲစတင်သည်နှင့် ပါရာဂွေးတို့ ထိုးဖောက်ကစားခဲ့ရာ ပွဲအစ စက္ကန့်ပိုင်းအတွင်းမှာပင် တောင်ပံကစားသမား ဆန်တာနာ ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းချက်ကို စပိန်ဂိုးသမား ကာဆီးလက်စ် ကာကွယ်နိုင်ခဲ့သဖြင့် ပါရာဂွေးတို့ နစ်နာခဲ့ရသည်။ စပိန်တို့ကလည်း ကွင်းလယ်ကစားအားကိုယူပြီး ပါရာဂွေးနောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သည်။ သို့သော် ခိုင်မာသည့် ပါရာဂွေးနောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။

တန်ပြန်တိုက်စစ်

စပိန်တိုက်စစ်ကို ပါရာဂွေးတို့ ကွင်းလယ်မှဟန့်တားဖြတ်တောက်ရင်း တန်ပြန်တိုက်စစ်ဆင်ခဲ့သည်။ ၄၁မိနစ်၌ ညာကြောမှ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပါရာဂွေးတိုက်စစ်မှူး ဗဲလ်ဒက်စ် အပိုင်ကန်သွင်းခဲ့ရာ ဂိုးဝင်သွားသော်လည်း လူကျွံဘော ဖြစ်ခဲ့သည်။ ပါရာဂွေးအတွက် ဂိုးရရှိရန် နစ်နာခဲ့ရာ ပထမပိုင်း ဂိုးမရှိသရေဖြစ်နေခဲ့သည်။

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စပိန်နှင့် ပါရာဂွေးတို့ပွဲ၌ ပါရာဂွေး တိုက်စစ်မှူး ဆန်တာခရုဇ် (၀ဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

အစားထိုး

ဒုတိယပိုင်းပွဲချိန်အတွင်း စပိန်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားခဲ့သော်လည်း ပါရာဂွေးတို့က စနစ်တကျ ပိတ်ဆို့ကာကွယ်နိုင်မှုကြောင့် ကြိုးစားမှု အရာမထင်ခဲ့ချေ။ ထို့နောက် စပိန်က တောရက်စ်အစား ဖာဘရီဂတ်စ်ကို အစားထိုးကစားစေခဲ့သည်။ သို့သော် ကစားအားအနေအထားမှာ တိုးတက်လာမှု မရှိခဲ့ချေ။

ပယ်နယ်တီ

ပွဲချိန် ၅၉မိနစ်၌ ပါရာဂွေးတိုက်စစ်မှူး ကာဒိုဇိုကို ဂိုးဧရိယာအတွင်း လှဲချခဲ့မှုကြောင့် စပိန်တို့ ပယ်နယ်တီအပေးခံခဲ့ရသည်။ ယင်းပယ်နယ်တီကို ကာဒိုဇို ကန်သွင်းရာ စပိန်ဂိုးသမား ကာဆီးလက်စ် ကာကွယ်နိုင်၍သာ စပိန်တို့ သက်သာရာရခဲ့ခြင်း ဖြစ်သည်။

နစ်နာ

စပိန်တို့ ဂိုးသွင်းနိုင်ရေး ထိုးဖောက်ကစားရာမှ ပွဲချိန် မိနစ်၆၀တွင် ဒေးဗစ်ဗီလာကို ပါရာဂွေးနောက်ခံလူတစ်ဦးက ဂိုးဧရိယာအတွင်း ဆွဲလှဲချသလိုဖြစ်ခဲ့သဖြင့် ပယ်နယ်တီသတ်မှတ်ခဲ့သည်။ ယင်းပယ်နယ်တီကို အလွန်ဆိုကန်သွင်းရာ ဂိုးဝင်သွားသော်လည်း ဒိုင်လူကြီးအချက်မပေးမီ ကန်သွင်းခဲ့သဖြင့် ထပ်မံကန်သွင်းခဲ့ရသည်။ နောက်တစ်ကြိမ်ကန်သွင်းသည့်အခါ ပါရာဂွေးဂိုးသမားဗီလာ ကာကွယ်နိုင်ခဲ့သဖြင့် စပိန်တို့ နစ်နာခဲ့ရသည်။

ဂိုးသွင်း

စပိန်တို့ ဂိုးရရှိရေးဆက်လက်ကြိုးစားခဲ့ရာ ၆၃ မိနစ်၌ အင်ဒီယေစတာ၏ ကန်သွင်းချက်ကို ပါရာဂွေးဂိုးသမား ကာကွယ်နိုင်ခဲ့ပြန်သည်။ သို့သော် ပွဲချိန် ၈၂မိနစ်၌ စပိန်မှ ပီဒရိုကန်သွင်းချက် ဂိုးတိုင်ထိပြီး ပြန်ထွက်လာမှုကို ဒေးဗစ်ဗီလာက ကန်သွင်းယူခဲ့ရာမှ ဂိုးတိုင်နှစ်တိုင်စလုံးနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် စပိန်တို့ အဖိုးတန်ဂိုး ရရှိခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ ပါရာဂွေးတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် စပိန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ငါးဂိုးသွင်းထား၍ ယခုအချိန်အထိ ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် ရပ်တည်နေခဲ့သည်။ ။

(အင်တာနက်)

ကမ္ဘာ့အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဥရောပပြေးခုန်ပစ်၌ လုံတံပစ်မယ် ဆာယာမဆင်နွှဲနိုင်

လုံတံပစ်မယ် ဂိုလ်ဒီဆာယာသည် တင်ပါးဒဏ်ရာရရှိထားမှုကြောင့် ယခုလနှောင်းပိုင်းတွင် စပိန်နိုင်ငံ၌ ကျင်းပမည့် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ပြင်သစ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မာတင်ကေမာ ဦးဆောင်

ပြင်သစ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယအဆင့် ပတ်လည်ပြိုင်ပွဲတွင် ဂျာမန် ဂေါက်သီးသမား မာတင်ကေမာသည် ဒုတိယနေရာမှ ဗြိတိသျှဂေါက်သီးသမား စတီဗင်ဝက်ဘ်စတာနှင့် စပိန်မှ ကာနီဇာရက်တို့ထက်လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ပြိုင်ပွဲကို ဦးဆောင်နေသည်။

ဘာဒိုက်ချ်နှင့် ဗိုလ်လုရမည့်ပွဲ ခက်ခဲမည်ဟု နာဒယ်လ်ဖွင့်ဟ

ဗြိတိန်နိုင်ငံတွင် ကျင်းပသော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ် ဗိုလ်လုပွဲသို့ စတုတ္ထအကြိမ် တက်ရောက်လာသော ကမ္ဘာ့အဆင့်(၁) တင်းနစ်သမား ရာဖေးလ်နာဒယ်လ်က ၄င်းအနေဖြင့် ယခုဗိုလ်လုပွဲ၌ ပြိုင်ဘက်တင်းနစ်သမား တိုမက်စ်ဘာဒိုက်ချ်နှင့် ယှဉ်ပြိုင်ရမည့်ပွဲသည် နိုင်ပွဲရရေးအတွက် အလွန်ခက်ခဲသော ပွဲတစ်ပွဲဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

မယ်လ်ဇာနှင့် ပက်ဇ်ဆရှုနာ ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားဆွတ်ခူး

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲပွဲစဉ် ဗိုလ်လုပွဲစဉ်တွင် ဂျာဂင်မယ်လ်ဇာနှင့် ဖိလစ်ပက်ဇ်ဆရှုနာတို့နှစ်ဦးက ရောဘတ်လင်းစတက်ထ်နှင့် ဟိုရီယာတီကာယူတို့ စုံတွဲအား ၆-၁၊ ၇-၅၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဝင်ဘယ်ဒန်တင်းနစ်ဆုဖလား ဆီရီနာဝီလျံ ဆွတ်ခူး

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆီရီနာဝီလျံသည် ကမ္ဘာ့အဆင့် (၂၁)ရှိ ပြိုင်ဘက် ဗီရာဇဗိုနာရီဗာအား ပွဲချိန်တစ်နာရီနှင့် ခြောက်မိနစ်အတွင်း ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ၄င်းအတွက် စတုတ္ထမြောက် ဝင်ဘယ်ဒန်ဖလားနှင့် ၁၃လုံးမြောက် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

လီဗာပူးမှ ဘီနာယောင်အား ချယ်လ်ဆီး စာချုပ်ခေါ်ယူ

လီဗာပူးအသင်းနှင့် ၂၀၁၃ခုနှစ်တိုင်အောင် စာချုပ်ချုပ်ဆိုထားသူ အသက် ၃၀ အရွယ်ရှိ အစ္စရေးကွင်းလယ်ကစားသမား ယော့ဆီဘီနာယောင်အား ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးက အသင်းနှစ်သင်းအကြား ပြောင်းရွှေ့ကြေးကို ကြေညာခြင်းမပြုရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်သည်။

အင်္ဂလန်နည်းပြအဖြစ် ကာပယ်လို ဆက်ရှိနေမည်

အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့သော်လည်း နည်းပြ ဖာဘီယိုကာပယ်လိုသည် အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ကြေညာသည်။

ဘရာဇီးနည်းပြဒွန်ဂါ နည်းပြအဖြစ်မှ နုတ်ထွက်မည်

ဘရာဇီးနည်းပြဒွန်ဂါသည် ဘရာဇီးအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရခြင်းအပေါ် လုံးလုံးတာဝန်ရှိသည်ဟု ယူဆပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်မည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဘန်ဇီမာအား စာချုပ်ခေါ်ယူရေး ဖာဂူဆန် ကြိုးစားမည်

မန်ယူနည်းပြ ဖာဂူဆန်သည် ရီရဲမက်ဒရစ်တိုက်စစ်မှူး ကာရင်မ်ဘန်ဇီမာအား စာချုပ်ခေါ်ယူရေးအတွက် ဘာဘာတော့ဗ်နှင့် အန်ဒါဆင်တို့အား ရောင်းထုတ်ရန် ပြင်ဆင်နေသည်။

ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် အက်ရှ်လေကိုးလ် စိုင်းပြင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်း အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် ဘယ်နောက်ခံလူ အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးအသင်းမှထွက်ခွာရန် စိုင်းပြင်းနေကြောင်း၊ ၄င်းအား ရီရဲမက်ဒရစ်က ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ပေးကာ ခေါ်ယူရန် ကြိုးပမ်းနေသည်။

ဂျပန်ကွင်းလယ်မှ အန်ဒိုအား ခေါ်ယူရန် လီဗာပူးပြင်ဆင်

တောင်အာဖရိကတွင် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျပန်လက်ရွေးစင်အသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့သော ဂျပန်ကွင်းလယ်ကစားသမား ယာရှုဟီတိုအန်ဒိုအား ၄င်း၏အသင်း ဂမ်ဘာအိုဆာကာမှ လီဗာပူးအသင်းက ခေါ်ယူရန် ပြင်ဆင်နေသည်။

ဂျရတ်အား ခေါ်ယူရန် မော်ရင်ဟို စိတ်ဝင်စား

ရီရဲမက်ဒရစ်နည်းပြ ဂျို့စ်မော်ရင်ဟိုသည် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား စာချုပ်ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း၊ ရီရဲကွင်းလယ်ကစားသမားများဖြစ်ကြသော ရာဖေးလ်ဗန်ဒါဗတ်နှင့် ဖာနန်ဒိုဂါဂိုတို့နှစ်ဦးအား အလိုက်ပေးကာ ဂျရတ်အား ခေါ်ယူရန်လည်း ဆန္ဒရှိနေကြောင်း သိရသည်။

ဂျိုကိုးလ်အားခေါ်ယူရေး ပရီမီယာလိဂ်သုံးသင်းကြိုးပမ်း

မကြာသေးမီက ချယ်လ်ဆီးအသင်းမှ ထွက်ခွာခွင့်ပြုခဲ့သော အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုကိုးလ်အား စာချုပ်ခေါ်ယူရန် လီဗာပူး၊ အာဆင်နယ်နှင့် စပါးတို့ အပြိုင်ကြိုးပမ်းနေကြသည်။

(အင်တာနက်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

မယုံနိုင်သည့် ရလဒ်ဟု နည်းပြမာရာဒိုနာဖွင့်ဟ

ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဂျာမနီကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းမှာ မယုံနိုင်သည့် ရလဒ်အဖြစ်ခံစားရကြောင်း၊ မဖြစ်သင့်သည့် ရလဒ်လည်းဖြစ်ကြောင်း၊ အာဂျင်တီးနား နည်းပြ မာရာဒိုနာက ဇူလိုင် ၄ရက်က သတင်းထောက်များအား ပြောကြားသည်။

ဒိုင်လူကြီးဆုံးဖြတ်ချက်များ မှားယွင်းကြောင်း ဟိန်နဇ်ပြောကြား

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီကို ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များမှာ မှားယွင်းကြောင်း အာဂျင်တီးနားနောက်ခံလူ ဟိန်နဇ်က ပြောကြားသည်။

ဂျာမနီ ဖလားရမည်ဟု ဘောလက်ပြောကြား

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂျာမနီအသင်း၏ ခြေစွမ်းသည် ဖလားနှင့် ထိုက်တန်နေပြီး သေချာပေါက် ဖလားဆွတ်ခူးနိုင်မည်ဟု ယုံကြည်နေပြီဖြစ်ကြောင်း ဂျာမနီ အသင်းခေါင်းဆောင်ဟောင်း ဘောလက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီ ငိုကြွေးခဲ့ရ

ကွာတားဖိုင်နယ်ပွဲစဉ်၌ ဂျာမနီကို လေးဂိုးပြတ်ရှုံးနိမ့်သည့်အပြင် စိတ်တိုင်းကျ မကစားနိုင်သည့် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် ပွဲအပြီး ငိုကြွေးခဲ့ကြောင်း တောင်အာဖရိက အားကစားမီဒီယာများက ဖော်ပြသည်။

ဂျာမနီအသင်း အကောင်းဆုံးကစားသွားနိုင်ဟု တီဗက်ဇ်ပြောကြား

ကွာတားဖိုင်နယ်၌ ဂျာမနီအသင်း ကစားပုံကောင်းကြောင်း၊ မိမိတို့ ဂိုးသွင်းခွင့် မရအောင် ထိန်းချုပ်သွားနိုင်ခဲ့သည့် နည်းပြဂျိုအာချင်လိုကို လေးစားကြောင်း အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်က ပြောကြားသည်။

မူလာ တံကောက်ကြော ဒဏ်ရာရရှိခဲ့

အာဂျင်တီးနားကို လေးဂိုးပြတ်ဖြင့် နိုင်ခဲ့သည့်ပွဲ၌ ဂျာမနီမှ ဆယ်ကျော်သက်ကစားသမား မူလာသည် တံကောက်ကြော ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော် ဆိုးရွားမှုမရှိကြောင်း ဂျာမနီအသင်း တာဝန်ရှိသူများက ဇူလိုင် ၄ရက်၌ ပြောကြားသည်။

ဒီဂိုဖော်လန် ကြွက်သားနာကျင်မှုဖြစ်နေ

ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်သည် ခြေသလုံးကြွက်သား နာကျင်မှုဖြစ်နေသဖြင့် ဆေးကုသမှုခံယူနေရကြောင်း၊ သို့သော် အကြိုဗိုလ်လုပွဲအဖြစ် နယ်သာလန်နှင့်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း ဥရုဂွေးအသင်းမှ တာဝန်ရှိသူများက ဇူလိုင် ၄ရက်၌ ပြောကြားသည်။

တုန်လှုပ်မှုမရှိကြောင်း စပိန်နည်းပြ ပြောကြား

အကြိုဗိုလ်လုပွဲ၌ ဂျာမနီနှင့်ရင်ဆိုင်ကစားရမည့် စပိန်အသင်းသည် မည်သည့်ခံစားချက်မျှ မရှိကြောင်း၊ အာဂျင်တီးနားနှင့်ပွဲကို မိမိသေသေချာချာ ကြည့်ထားကြောင်း စပိန်နည်းပြ ဘက်စ်ကွက်စ်က ပြောကြားသည်။

ရော်ဘင် ခြေချင်းဝတ်ဒဏ်ရာ ဆေးကုသနေရ

နယ်သာလန်တောင်ပံတိုက်စစ်မှူး ရော်ဘင်သည် ခြေချင်းဝတ်ဒဏ်ရာ ပြန်လည်နာကျင်နေသဖြင့် ဆေးကုသမှုခံယူနေရကြောင်း၊ လေ့ကျင့်မှုအချိန် အနည်းငယ်သာ ပြုလုပ်နေကြောင်း၊ သို့သော် အကြိုဗိုလ်လုပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း နယ်သာလန်အသင်းက သတင်းထုတ်ပြန်သည်။ ။ ***(အင်တာနက်)***

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာန လက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါဈေးကြီးတွင်ကျင်းပရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်တို့က အမှာစကားပြောကြားပြီး ဈေးသာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သွေးလှူဒါန်း

ထို့နောက် ဈေးသူဈေးသားများနှင့် အလှူရှင်များလှူဒါန်းသည့် ငွေကျပ် ၁၉၆၂၇၀၀ ကို ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်ထံ ပေးအပ်လှူဒါန်းပြီး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်း

သွေးလှူဒါန်းပွဲတွင် ဈေးသူဈေးသားများနှင့် သွေးအလှူရှင်များက သွေးပုလင်းပေါင်း ၃၂၅၉ပုလင်းကို ဘုရင့်နောင်ဈေးကြီး သွေးလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ခဲ့ပြီဖြစ်ပြီး အမျိုးသားသွေးလှူဘဏ်သို့ ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့အနေဖြင့် စုစုပေါင်းငွေကျပ် ၂၀၅၂၀၀၀၀ လှူဒါန်းခဲ့သည်။ **(မြန်မာ့အလင်း)**

မြဝတီဆေးရုံအတွက် ငွေကျပ်သိန်း ၂၀လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ကရင်ပြည်နယ်မြဝတီဆေးရုံကြီးအတွက် လူနာခုတင်များနှင့်လူနာသုံးဗီရိုများ ပြုလုပ်ရန်အတွက် ဇွန်၂၇ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းထံ မရမ်းကုန်းမြို့နယ်နေ သီရိသုဓမ္မမဏိဇောတရဦးမြင့်စိုး-ဒေါ်မြမြစိုး မိသားစုက ငွေကျပ်သိန်း၂၀ပေးအပ်လှူဒါန်းရာ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူးဦးအောင်ချိုဦး၊ အဖွဲ့ဝင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးကျော်မြင့်၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၂၇)

မြန်မာ့အလင်း စာတည်းထံပေးစာများ

သာယာရွှေပြည်အိမ်ရာတိုက်ခန်းများ မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် သာယာရွှေပြည်အိမ်ရာ တိုက်ခန်းများ သာယာရေး ထရန်စဖော်မာအနီးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် အခိုင်အမာတည်ဆောက်၍ နေ့ည စဉ်ဆက်မပြတ် ကြော်လှော်နေသဖြင့်အငွေ့နံ့များ ခံစားနေရပြီး မီးဘေးအန္တရာယ် စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

ရေခဲစက်သံနှင့် မီးစက်သံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်ရှမ်းဘက်(၁)လမ်း အတွင်းရှိ အိမ်တစ်အိမ်သည် ရေခဲစက်ကို မီးစက်နှင့်တွဲဖက်၍ နေ့ရောညပါ ဆူညံစွာဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များပါမကျန် ညစဉ်အိပ်စက်၍ မရနိုင်လောက်အောင် မီးစက်သံနှင့် အလုပ်သမားများ ဆူညံစွာအော်ဟစ်၍ လုပ်ကိုင်လျက်ရှိရာ ကျန်းမာရေးထိခိုက်ရပါသဖြင့် စက်ရုံကို ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

ကြက်ခြံအနံ့ဆိုးကြောင့် ပတ်ဝန်းကျင်ခံစားရ

စာတည်းခင်ဗျား-

တောင်ငူမြို့ (၁၁)ရပ်ကွက် စပါယ်ဦး (၁)လမ်းရှိ လူနေအိမ်ခြံတစ်ခုတွင် စီးပွားဖြစ် မွေးမြူထားသည့် ကြက်ခြံမှ ထွက်ရှိသည့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းကြက်ခြံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မောင်အာရောဂျံ

မုန့်စက်ရုံ ညှော်နံ့နှင့် အနံ့ဆိုးခံစားနေကြရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် ရွှေကြီးလမ်းအတွင်းရှိ မုန့်စက်ရုံကြီးသည် ၂၄ နာရီပတ်လုံး လုပ်ငန်းလည်ပတ်မှုကြောင့် စက်ရုံမှထွက်ရှိသော မုန့်ညှော်နံ့များ၊ စွန့်ပစ်ပစ္စည်းများ၊ မြောင်းအနံ့ဆိုးများ၊ မော်တော်ကားအဝင်အထွက်ဆူညံသံများ၊ စက်ရုံအလုပ်သမားများ၏ ညသန်းခေါင်ယံ ဆူညံသံများ၊ မီးစက်ကြီးမှ ဆူညံသောအသံများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ အနှောင့်အယှက် ဖြစ်ကြရပါ၍ လူနေရပ်ကွက်အတွင်းမှ မုန့်စက်ရုံကြီးကို သင့်လျော်ရာသို့ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေကြီးလမ်းသူ လမ်းသားများ

အနံ့ဆိုးနှင့် ယင်ကောင်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံရပ်ကွက် ပုလဲလမ်းထိပ် အမှတ်(၉)အမကကျောင်းရှေ့တွင် ညနေ ၄နာရီကျော်မှစ၍ နေ့စဉ်အမှိုက်များလာရောက်စုပုံ စွန့်ပစ်ကြရာ စည်ပင်သာယာမှ နေ့စဉ်သိမ်းယူသွားသော်လည်း အမှိုက်များမှ ထွက်ရှိလာသည့် အညစ်အကြေးအရည်များမှာ လမ်းမကြီးပေါ်၌ တင်ကျန်နေပြီး အနံ့ဆိုးများ ထွက်ပေါ်ကာ ယင်ကောင်များပေါများလာပါ၍ ကျောင်းသား ကျောင်းသူများနှင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်ရပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

စက်သုံးဆီရောင်းချမှု မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ယောက်သွားအင်းအုပ်စု ကြံဖိုစုကျေးရွာ လမ်းဘေးဝဲယာ ရွာအနီးတွင် မီးလောင်လွယ်စေသည့် စက်သုံးဆီများကို သို့လှောင်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်ရသူ

လမ်းကြားအမှိုက်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် ကျွန်း/မြောက် ရပ်ကွက် ၄က်ပျောတောလမ်းနှင့် ဟသ်ာတလမ်း နောက်ဖေးလမ်းကြားသို့ စားကြွင်းစားကျန်များပစ်ချသဖြင့် ကြွက်များ၊ ယင်များ ပေါက်ပွား၍ အနံ့အသက်များ ဆိုးရွားစွာ ထွက်ရှိကာ ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှလိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ရေဆိုးနှင့် ညှော်နံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ် (၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပေ၁၅၀ခန့်အကွာတွင်ရှိသော ဆန်စက်မှ ဂက်စ်ဓာတ်ငွေ့သုံး စပါးခွံစက် လည်ပတ်ရာမှထွက်ရှိသော ညှော်နံ့ဆိုးနှင့်ရေဆိုးများသည် ပတ်ဝန်းကျင်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများ၏ ကျန်းမာရေးကိုထိခိုက်နေပါ၍ သက်ဆိုင်ရာမှလိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်လတ်သား

လူသွားလမ်းများပေါ်မှ ကျူးကျော်ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ဖြူးမြို့နယ် စည်ပင်သာယာဈေးကြီး၏ အများသွားလာသည့် လူသွားလမ်းများပေါ်တွင် ကျူးကျော်ရောင်းချနေသော ပျံကျဈေးသည်များနှင့် စည်ပင်သာယာဈေးဆိုင်ခန်းများကို မိုးကာအဆင့်ဆင့်ဆွဲ၍ရောင်းသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်နေရခြင်း၊ လမ်းသွားလမ်းလာ ခက်ခဲခြင်းတို့ကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ဈေးသူ ဈေးသားများ

ရေပေးချိန် တိုးမြှင့်ဆောင်ရွက်ပြီးစီး

၂၉-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဧရာဝတီတိုင်း ဖျာပုံမြို့ မြို့မရပ်ကွက်များသို့ သောက်သုံးရေပေးဝေရာတွင် မိနစ် ၂၀သာ ပေးဝေနေသည့်အတွက် အချိန်နည်း၍ ရေလုံလောက်မှုမရှိသည့်အပြင် အစွန်ရေတိုင်များသို့ ရေရောက်ရှိစေရေး စီမံဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ရေလုံလောက်မှုရှိစေရေး နေ့စဉ်ပေးဝေချိန် တိုးမြှင့်၍ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

သစ်သားတံတား ပြန်လည်ပြုပြင်ပြီး

၂၉-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ်(၄)နှင့် အမှတ်(၅)ရပ်ကွက်ကြား ပိတောက်လမ်းပေါ်ရှိ သစ်သားတံတားအား အရေးပေါ်မီးသတ်ကား၊ ရေတင်ကားများသွားလာရန် မခိုင်ခံ့တော့ပါ၍ တာရှည်ခံ သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကြက်ခြံအနံ့ဆိုး ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီး

၅-၄-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပေါင်မြို့နယ်အတွင်းရှိ ဥက္ကံကားကျေးရွာ ရပ်ကွက်အမှတ်(၁) ဇရစ်ချောင်းပတ်ဝန်းကျင်အနီးရှိ စီးပွားဖြစ်ကြက်ခြံများမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ငရုတ်သီးအမှုန့်ကြိတ်စက်ကို ရှင်းလင်းဆောင်ရွက်ပြီး

၂၁-၆-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် စံပြလမ်းတောင်ဘက် အောင်ဓမ္မာရုံလမ်းရှိ ငရုတ်သီးအမှုန့်ကြိတ်စက်တွင် ငရုတ်သီးများပြာခြင်း၊ မွှေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ နေ့စဉ် ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကြက်ခြံမှ အနံ့ဆိုးများဆောင်ရွက်ပြီးစီး

၂၈-၆-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်တွင်းကြီးမြို့ တောင်ပြင် (၁)ရပ်ကွက် စပယ်လမ်းရှိ စီးပွားဖြစ် ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့်ပတ်ဝန်းကျင်ရှိလူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျေးဇူးတင်လွှာ

နေပြည်တော်နေ ဗိုလ်မှူးကြီးဝင်းတည်(ငြိမ်း)၊(ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်နုနု (အထက်တန်းပြဆရာမ၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း) တို့၏သားကြီး

ဗိုလ်ကြီးရဲနိုင်ဝင်း

M.B.,B.S (D.S.M.A), M.Med.Sc (Surgery) 2nd Year

နှင့်

ရန်ကုန်မြို့နေ ဦးစိုင်းစိန်မောင် (Managing Director, Thu Htet Thar Co.,Ltd.) -ဒေါ်မြစိန်တို့၏သမီးထွေး

မတင်တင်ဌေး

B.A (English)

(Director, Thu Htet Thar Co.,Ltd.)

တို့၏၂၆-၆-၂၀၁၀ရက် ရန်ကုန်မြို့ Sedona Hotel, Grand Ballroom ၌ ကျင်းပသော မင်္ဂလာ ညစာစားပွဲတွင် မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များကို ချီးမြှင့်ပေးပါသော သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်နှင့် ဇနီးဒေါ်စန်းစန်းတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့် ပေးကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ဂုဏ်သရေရှိလူကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ မိတ်ဆွေများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၅-၅-၂၀၁၀ရက် Traders Hotel ကုန်းဘောင်-တကောင်းခန်းမ၌ မော်ကွန်းတင်လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ပေးသည့် တရားရုံးချုပ် တရားသူကြီးဦးခင်မြင့်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြ သည့် ဦးတင်မောင်စိုးနှင့် ဦးသန်းဦးတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေး သော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေး သီဆိုပေးသောတေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသည့် Plus Three Band အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲ မနွယ်နီဝင့်၊ မင်္ဂလာ လက်စွပ်ဖန်းကိုင် မသီရိပြည့်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင် မနှင်းအိအိလှိုင်၊ သတို့သားအရံ ဗိုလ်ကြီးမန်းဘဟန်ထွန်း နှင့် ဗိုလ်ကြီးရဲထွဋ်အောင်၊ သတို့သမီးအရံ မမိုးမိုးအေးနှင့် မမျိုးသီရိနွယ်တို့အားလည်းကောင်း၊ သတို့သမီး မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှပြင်ပေးသော မိတ်ကပ်ခင်စန်းဝင်း၊ သတို့သမီးအရံများနှင့်ပန်းကြဲ၊ ဖန်းကိုင်၊ ကလပ်ကိုင်များအတွက် ဝတ်စုံများချုပ်လုပ်ပေးသော ဇင်ဝေနွယ် Fashion & Tailoring တို့အားလည်းကောင်း၊ မင်္ဂလာပန်းအလှပြင်ပေးသော Eternal Flower၊ လက်ဝတ်ရတနာဆင်မြန်းပေးသော တော်ဝင်သူ၊ မင်္ဂလာ ညစာစားပွဲဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသည့် ဓာတ်ပုံဝဏ္ဏခွာနီး၊ မော်ကွန်းတင်လက်မှတ်ရေးထိုး ထိမ်းမြား လက်ထပ်ခြင်းနှင့် မင်္ဂလာညစာစားပွဲ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မင်းချမ်းမွန် (AMS Studio)၊ အလှဓာတ်ပုံရိုက်ကူးပေးသည့် Yes I do Photo Studio၊ မင်္ဂလာဖိတ်စာရိုက်နှိပ်သည့် ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲနိုင်ဝင်း-မတင်တင်ဌေး။

ချစ်လှစွာသော ဆရာမ ဒေါ်အေးအေးပြုံး (ညဏတော်ဝင်)အတွက် မွေးနေ့မင်္ဂလာဆုတောင်း

ဆရာမ ဒေါ်အေးအေးပြုံး၏ ၅-၇-၂၀၁၀ရက်တွင် ကျရောက်သည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းတစ်ရာတိုင်အောင် ကိုယ်စိတ်နှလုံး ချမ်းမြေ့ ပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးစီးပွားအဖြာဖြာတို့ကို ဆတက် ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း-ဦးညဏ်ထွန်း (Chief Mate)
ညဏတော်ဝင်မှ ချစ်တပည့်ဟောင်း/သစ်များနှင့်
ဝန်ထမ်းများ။

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ လောက်ကိုင်၌ကျင်းပ

လောက်ကိုင် ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့တွင် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန်၂၆ရက် နံနက်၉နာရီက လောက် ကိုင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ မူးယစ် ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသမိုင်း ကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်က မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့ သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မူးယစ်(အထူး) အဖွဲ့ ကြီးကြပ်သူ အရာရှိက တားဆီး နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်မှုများ အကြောင်းကို လည်းကောင်း၊ ခရိုင် ဥပဒေအရာရှိ ဦးဝင်းကျော်က မူးယစ် ဥပဒေနှင့် ပြစ်ဒဏ်များကို လည်း ကောင်း၊ခရိုင်ဆရာဝန်ကြီး ဒေါက်တာ မြတ်ခိုင်က မူးယစ်ဆေးဝါး အန္တရာယ် နှင့် ကျန်းမာရေး ဆိုးကျိုးများကို လည်းကောင်း ဆွေးနွေးဟောပြော ကြသည်။

(မြို့နယ် ပြန်/ဆက်)

CEFR အင်္ဂလိပ်စာသင်တန်းအမှတ်စဉ် (၂/၂၀၁၀)

IELTS/TOEFL တို့နှင့် Level ညီသော Common European Framework of Reference for Languages (CEFR) အင်္ဂလိပ်စာသင်တန်းအမှတ်စဉ်(၂)တွင် Native Speaker ဆရာများနှင့် Ph.D(UK) ဘွဲ့ရဆရာများကိုယ်တိုင် ပို့ချသင်ကြားမည်ဖြစ်သည်။ အင်္ဂလိပ်စာနှင့်စကားကို ကျွမ်းကျင်တတ်မြောက်လိုသူများ သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၅-၇-၂၀၁၀ ရက်မှ စတင်ဖြည့်စွက်အပ်နှံနိုင်ပါသည်။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၁၁-၇-၂၀၁၀ ရက်
သင်တန်းကာလ	-	၃ လ
သင်တန်းအပ်နှံရန်	-	ကျောင်းသားရေးရာဌာန

နဝရတ်ပညာရေး

အမှတ် ၈၂(တတိယထပ်)၊ အနော်ရထာလမ်း(၃၉လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀၊ ၀၉-၅၁-၂၇၃၀၀။

မဂ္ဂဇင်းထုတ်ဝေရေးအတွက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ပုဂံ-ညောင်ဦးမြို့နယ် အသင်း (ရန်ကုန်) တည်ထောင်ခြင်း နှစ် (၅၀)ပြည့် မဂ္ဂဇင်းထုတ်ဝေရေး အတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၄ရက်က တောင်ဥက္ကလာပမြို့နယ် ၃ရပ်ကွက် ၂လမ်း အသင်းဥက္ကဋ္ဌနေ အိမ်၌ ကျင်းပရာ သဘာပတိဂုဏ်ထူး ဆောင် နာယကဆရာကြီး ဦးဘစော က အဖွင့်အမှာစကား ပြောကြားပြီး မဂ္ဂဇင်းထုတ်ဝေရေးနှင့် ပတ်သက်ပြီး ပြီးစီးအောင်မြင်မှု အခြေအနေများကို မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဗိုလ်ကြီး ထွန်းအောင်ရှိန်(ငြိမ်း)၊ တာဝန်ခံအယ်ဒီတာ တက္ကသိုလ်စိန် တင်၊ တွဲဖက်တာဝန်ခံ အယ်ဒီတာ ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူ စိုးဝင်း)နှင့် ဦးဖိုးချို(ညောင်ဦးဖိုးချို) တို့က ကဏ္ဍအလိုက် တင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပန်းဘဲတန်းမြို့နယ် အမှတ်(၂၃) ၂၅လမ်းနေဦးဝင်းဦး(ခ) ဦးဝင်းထက်-ဒေါ်သီတာ မိသားစုက မဂ္ဂဇင်းထုတ်ဝေရေးအတွက် အလှူ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂုဏ်ထူးဆောင်နာယက အယ်ဒီတာ ချုပ်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက လက်ခံကြသည်။**(အောက်ပုံ)**

လှူဒါန်းနိုင်

ပုဂံ-ညောင်ဦးမြို့နယ် အသင်း တည်ထောင်ခြင်း နှစ်(၅၀)ပြည့် မဂ္ဂဇင်းတွင် နာမည်ကျော် စာရေး ဆရာကြီးများ၏ ကာတွန်း၊ ဓာတ်ပုံ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပန်းချီ များဖြင့် အောက်တိုဘာလ၌ ထုတ်ဝေ မည်ဖြစ်ရာ ကြော်ငြာထည့်သွင်းလိုသူ များနှင့် လှူဒါန်းလိုသူများ အသင်း ဥက္ကဋ္ဌ ဖုန်း-၀၁-၅၇၇၇၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၁၃)**

ကြို့ပင်ကောက်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ကြို့ပင်ကောက် ဇူလိုင် ၄

ကြို့ပင်ကောက် မြို့နယ် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင် အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန်၁၈ ရက် နံနက်၈နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျင်ထွဋ်၊ သာယာ ဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မိုးက သင်တန်း ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးသန်း ထိုက်၊ ဦးမျိုးမင်းသန့်နှင့် ဦးအောင် ဝင်းတို့က ရွေးကောက်ပွဲဆိုင်ရာ များနှင့် ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်များ၏ လုပ်ပိုင်ခွင့်တာဝန်များကို ရှင်းလင်း ပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်နယ်/တိုင်းများသို့ စက်ဘီးစီးခရီး

ထားဝယ် ဇူလိုင် ၄

ထားဝယ်မြို့မှ အသက် ၈၀ အရွယ်ရှိ ဦးသီးလှိုင်၊ စက်ဘီးဝါသနာ ရှင် ကိုအောင်နိုင်နှင့် ကိုဇော်မင်းဦးတို့ မြန်မာပြည်တစ်ပတ် ပြည်နယ်နှင့် တိုင်းများသို့ စတင်စက်ဘီးစီးသည့် အခမ်းအနားကို ဇွန် ၁ရက် နံနက် ၉နာရီက ထားဝယ်ခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရှေ့တွင် ကျင်းပသည်။ **(ယာပုံ)**

ချီးမြှင့်

အခမ်းအနားသို့ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင် များ၊ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်း ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေး ပို့ဆောင်ပြီး ငွေ၊ ဆေးနှင့် ပစ္စည်းများ ချီးမြှင့်ကြ သည်။

ခရီးစဉ်မှာ ထားဝယ်မြို့မှ စတင်၍ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ပဲခူးတိုင်း ပဲခူးမြို့၊ နေပြည်တော် ပျဉ်းမနား၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်း ပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့၊ မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၊ ရှမ်း ပြည်(မြောက်ပိုင်း) လားရှိုးမြို့၊ မူဆယ်မြို့၊ နမ်းခမ်းမြို့မှ တစ်ဆင့် ကချင်ပြည်နယ် ဗန်းမော်မြို့၊ မြစ်ကြီး နားမြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ မကွေးတိုင်း မကွေးမြို့၊ ရခိုင် ပြည်နယ် စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ အမ်းမြို့၊ ဧရာဝတီတိုင်း ပုသိမ်မြို့၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ သုဝဏ္ဏ အားကစားကွင်းသို့ ရောက်ရှိပြီး ခရီးစဉ်ကိုအဆုံးသတ်မည်ဖြစ်သည်။

ဦးသီးလှိုင်မှာ ၁၉၉၉ခုနှစ်တွင် တနင်္သာရီတိုင်း မြိတ်မြို့မှ ကချင် ပြည်နယ် နောင်မွန်မြို့၊ ၂၀၀၀ ပြည့် နှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့မှ ရခိုင်ပြည်နယ်သို့ ပတ်ပြီး ရန်ကုန်မြို့၊ ၂၀၀၄ခုနှစ်တွင် ထားဝယ်မြို့မှ ကော့သောင်းမြို့ရှိ ဘုရင့်နောင် မင်းတရားကြီး၏ ရုပ်တု တော်သို့ တစ်ကိုယ်တော် ခြေကျင် ခရီးလျှောက်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် ထားဝယ်မြို့မှ မြိတ်မြို့သို့ တစ်ဦး တည်း စက်ဘီးခရီးစဉ်များကို အောင် မြင်စွာ သွားရောက်ခဲ့ပြီးဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် စာအုပ်စာစောင်များလှူဒါန်း

လားရှိုး ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်း အတွက် စာအုပ်စာစောင်များ ဒုတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၄ရက် မွန်းလွဲ ၁နာရီကကျင်းပရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးကြည်ဝင်းက လယ်ယာစီးပွား သတင်းဂျာနယ်စောင်ရေ ၃၀၀၀၊ လယ်ယာစီးပွားသတင်းဂျာနယ်တိုက်မှ စောင်ရေ ၁၂၀၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂျာနယ်မျိုးစုံ၅၀၀၊ လားရှိုးကိုယ်ပွား သတင်းစာတိုက်က သတင်းစာစောင်ရေ ၃၀၀ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လက်ခံယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကျေးရွာ စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်စွာ အစဉ်ရှင်သန်ခိုင်မာစေရန် ဖောင်ဒေးရှင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေး ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်တင်ပွဲ မြင်းမူ၌ကျင်းပ

နေပြည်တော် ဇူလိုင် ၄

မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ဇူလိုင် ၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ရက် နံနက် ၇နာရီက မြင်းမူမြို့ အမှတ် (၂)နယ်မြေ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ အစီအစဉ်အရ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်နှင့် အဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို တင်ပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြင်းမူမြို့ မြို့ရှောင်လမ်း တစ်လျှောက်၌ သစ်ပင်များကို စိုက်ပျိုးကြသည်။

ဇူလိုင်၂ရက်ကကျင်းပသည့် သစ်ပင်စိုက်ပွဲတွင် တမာ၊ ကျွန်း၊ ကုက္ကိုနှင့် စိန်ပန်း စုစုပေါင်းအပင် ၂၀၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေး ဒီမောဆို၌ဟောပြော

ဒီမောဆို ဇွန် ၃၀

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်း တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးရေး ဟောပြောပွဲကို ဇွန်၁၇ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးနေမျိုးဝင်းက စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် ဌာနမှကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးဟောပြောသည်။

စိုက်ပျိုးမည်

ဒီမောဆိုမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် ကျွန်းပင်ပေါင်း ၂၀၅၄၆ ပင်၊ သစ်မာပင် ၂၀ နှုန်းဖြင့် ယူကလစ်ပင် ၁၀၀၀နှင့် ယူကလစ်စိုက်ခင်း တစ်ရွာ တစ်ဧကစီဖြင့် ကျေးရွာ ခြောက်ရွာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ထူးချွန်စွာအောင်မြင်သူများအား ပုသိမ်၌ဆုချီးမြှင့်

ပုသိမ် ဇူလိုင် ၁

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ် (၃) ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူလမ်းရှိ ပတ္တမြားရွှေဂူစံပြသင်တန်းမှ တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်သူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးကြည်အောင်၊ လက်ထောက်ပညာရေးမှူး ဦးစန်းငွေ၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာကြီးများ၊ ဘာသာရပ်သင် ဆရာ ဆရာမများနှင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးကြည်အောင်က သုံးဘာသာဂုဏ်ထူးရှင်မောင်မောင်ထက်နှင့် အခြားထူးချွန်သူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ အထက်တန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပွဲကျင်းပ

မအူပင် ဇူလိုင် ၃

ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲနှင့် နှစ်ထပ် ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက်ပိုင်းက အဆိုပါ ကျောင်း၌ကျင်းပရာ ကျောင်းဆိုင်းဘုတ်နှင့် နှစ်ထပ်ကျောင်းဆောင်သစ်ကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးမြင့်ဦး၊ မအူပင်ခရိုင် ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းကြည်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးကျော်ထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ နှစ်ထပ်စာသင်ကျောင်းဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)က မအူပင်မြို့နယ် ပညာရေးမှူး ဦးစိုးမြင့်သန်းထံ လွှဲပြောင်းပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ကျောင်းရွာ စံပြကျေးရွာအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခြင်းနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဧည့်သည်တော်များက ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အရိပ်ရ နှစ်ရှည်ပင် စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍အရိပ်ရ နှစ်ရှည်ပင်ပေါင်း ၄၇၀၀ ကျော်ကို ထားဝယ်မြို့အဝင်အိမ်ရှေ့ပြင်ရပ်ကွက်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြလင်းစိန် ဦးဆောင်၍ ဇွန်၂၀ရက်က စိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

လပွတ္တာခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

လပွတ္တာ ဇွန် ၂၉

ဧရာဝတီတိုင်း လပွတ္တာခရိုင် ၂၀၁၀-၂၀၁၁ အတွက် စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက လပွတ္တာခရိုင် (၃)မိုင်မြို့သစ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများအား တာဝန်များပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ခရိုင်စီမံကိန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မုတ္တမ၊ သဲဖြူကုန်းနှင့် ကျွဲခြံကုန်းကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖာပွန်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဖာပွန် ဇွန် ၃၀

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပွဲတော်ကို ဇွန်၂၁ရက်က တံခွန်တိုင်ကျေးရွာ မူလတန်းလွန်ကျောင်းဝင်း၌ ကျင်းပသည်။

တက်ရောက်

သစ်ပင်စိုက်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌဦးစံမြနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၄၃၀ခန့် တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်အပင် ၆၅၀ကို စိုက်ပျိုးကြသည်။**(အောက်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ စလင်းမြို့နယ်၌ကျင်းပ

စလင်း ဇွန် ၂၉

မကွေးတိုင်း စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် စိမ်းစိုဦးစီးဌာနတို့ကြီးကြပ်မှုဖြင့် ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲကို ဇွန် ၁၉ရက်က လက်မဲရွာအနီး ပလပ်မြေကွက်လပ်၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မကွေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်**(အောက်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးသိန်းအောင်တို့ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်များ စိုက်ပျိုးပေးကြကာ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသူရကျော်နှင့် စိမ်းစိုဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးနည်း သရုပ်ပြပေးကာ ဌာနဆိုင်ရာ၊လူမှုရေးအဖွဲ့အစည်းနှင့် ကျေးရွာပြည်သူ ၄၀၀တို့က ကျွန်းပင်နှင့် ယူကလစ်ပင် ၅၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေ

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင် သုဝဏ္ဏဈေးအတွင်း ဂါလန် ၅၀၀၀ဆံ့ မီးသတ်ရေလှောင်ကန် တည်ဆောက်ထားမှုကို ဇွန် ၁၂ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ မူဆယ်၊ လောက်ကိုင်နှင့် ကွမ်းလုံခရိုင်တို့မှ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ဇွန် ၂၈ရက်နှင့် ၂၉ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ မူဆယ်၊ လောက်ကိုင်နှင့် ကွမ်းလုံခရိုင်တို့ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ **(အပေါ်ပုံ)** အမှာစကား ပြောကြားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ဇွန် ၂၈ရက် နံနက် ၁၀နာရီက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲခရိုင် ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် နမ္မတူမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ *စာမျက်နှာ ၆ ကော်လံ ၅* ●

မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

ဆိုလာမီးအိမ်များ တီထွင်ထုတ်လုပ်မှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုချီးမြှင့်

ကောင်းမြတ်သူ - ရေးသားသည်

နယူးဒေလီ ဇူလိုင် ၄

ရေနံဆီ မီးခွက်နေရာတွင် အစားထိုးရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ် တီထွင် ထုတ်လုပ်ခဲ့သူများအား ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဆု ချီးမြှင့်လိုက်သည်။

အဆိုပါ ဆိုလာမီးအိမ်များကို အိန္ဒိယကုမ္ပဏီတစ်ခုဖြစ်သည့် ဒီလိုက်ကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မီးအိမ်တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၀ဒေါ်လာဖြင့် ရောင်းချမည်ဟု ၎င်းကုမ္ပဏီက ပြောကြားသည်။

ချီးမြှင့်

အာဖရိက ဆာဟာရဒေသခွဲနေ ပြည်သူ ၇၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီး မရကြပေ။ ယင်းအတွက် ဒီလိုက်ကုမ္ပဏီက ဆိုလာမီးအိမ်ကို တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေး

ရေနံဆီမီးခွက်များကြောင့် နေအိမ်အတွင်း လေထုညစ်ညမ်းမှုဖြစ်ကာ နှစ်စဉ် လူတစ်သန်းခွဲခန့် သေဆုံးနေကြရကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က လာမည့်သုံးနှစ်အတွင်း အာဖရိကတိုက်ရှိ နိုင်ငံကိုးနိုင်ငံမှ ပြည်သူ ၃၀၀၀၀၀ထံသို့ ဆိုလာမီးအိမ်များ ထောက်ပံ့ပေးသွားမည်ဟု ဆိုသည်။

အင်တာနက်